ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၈) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၀၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၁)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အစည်းအဝေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၆) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကွက်ပိုမို ချဲ့ထွင်နိုင်ခြင်း ရှိ/မရှိ နှင့် ဖျာပုံပေါ်ဆန်းမွှေးကို ဈေးကွက်တွင်း ထိပ်ဆုံးနေရာပြန်လည်ရောက်ရှိရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကွက်ပိုမို ချဲ့ထွင်နိုင်ခြင်း ရှိ/မရှိနှင့် ဖျာပုံပေါ်ဆန်းမွှေးကို ဈေးကွက်တွင်း ထိပ်ဆုံးနေရာပြန်လည်ရောက်ရှိရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကွက်ပိုမို ချဲ့ထွင်နိုင်ခြင်း ရှိ/မရှိနှင့် ဖျာပုံ

ပေါ်ဆန်းမွှေးကို ဈေးကွက်တွင်း ထိပ်ဆုံးနေရာ ပြန်လည်ရောက်ရှိရေးတို့အတွက် ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပေါ်ဆန်းမွှေးဆန် ဆိုတာကတော့ အခုခေတ်မှာ အကောင်းဆုံးနဲ့ ဈေးအရဆုံး စပါးဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကတော့ ငကြွဲတို့၊ စပါးနက်တို့ စတဲ့အခေါ်အဝေါ်တွေပဲ သုံးပါတယ်။ မနှစ်က ဟန်လင်းကြီးဘက်သွားတဲ့အခါမှာလည်း ကျွန်တော်တို့ ထမင်းဆိုင်မှာလည်း မေးတဲ့အခါမှာ ဒေသအခေါ်အဝေါ် ဘေးကြားလို့ပဲ ခေါ်ဝေါ်သုံးစွဲတာ ရှိပါတယ်။ ကျွန်တော်တို့ ရှေးမြန်မာမင်းများ လက်ထက်ကတော့ ကျွယ်ကြီးဆန်၊ ကျွယ်ပုံဆန်၊ ကောင်းပင်စည်ဆန်တွေကို သုံးတယ်လို့ ဒါ စာရေးတော်ကြီး ဦးရာကျော် ရဲ့ မဟာမင်္ဂလာ မင်းခန်းတော် အခမ်းအနားတွေမှာ ဖော်ပြပါတယ်။ ဒီ ဆန်တွေကို ပွဲတော်စာ တင်မြှောက်ဖို့အတွက် သုံးထပ်ဖွပ် တစ်ပြည်စီလိုအပ်ကြောင်း ဒါ အထောက် အထားတွေအရ သိရပါတယ်။ အဲဒီဆန်တွေကိုတော့ သလေးစပါးလို့ ခေါ်ပါတယ်။

ဒီဆန်တွေ မရတဲ့အချိန်မှာ စကုဗျတ်ဆန်ကို ဆက်သွင်းဖို့အတွက် စကုမြို့ဝန်ကို ဆင့်ထုတ်တဲ့ စာတွေရဲ့ အထောက်အထားအရလည်း စကုဗျတ်ဆန်ဟာ ဆန်ကောင်းဖြစ်ပါတယ်။ သလေးစပါး ခွံနီမျိုးရယ်လို့ ရှေးခေတ်ကအသိအမှတ်ပြုပါတယ်။ ကျွန်တော်တို့ ၂၀၀၉ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံ၊ ဟန္တိုင်းမြို့မှာ ကမ္ဘာ့အရည်အသွေး အကောင်းဆုံးဆန်ပြိုင်ပွဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံက ပုသိမ် ဥတိုပေါ်ဆန်းမွှေးဟာ ပထမရရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံက စပယ်ဆန်မွှေး (Jasmine Rice)က ဒုတိယရပါတယ်။ ပါကစ္စတန်နိုင်ငံက (Basmati Rice) ပေါ့။ ဒီဆန်မွှေးကတော့ တတိယရရှိခဲ့ပါတယ်။ အဲဒီတုန်းက ပြိုင်ပွဲမှာ ဆုရတဲ့ ဆန်ဟာ Germany made Bhuller ဆန်စက်တွေနဲ့ ကြိတ်ခွဲပြီးတော့ ပုလဲတွေလို လှတဲ့အတွက် Pearl Rice ဆန်ရယ်လို့ တင်စားခြင်းပင် ခံခဲ့ရပါတယ်။ ဒါကြောင့် ဆန်စပါးမှာ Rice Industry ခေတ်မီ ဆန်စက်တွေနဲ့ ကြိတ်ခွဲခြင်းဟာ အလွန်ပဲ အရေးပါပါတယ်။

ကျွန်တော်တို့ ၁၈၈၇ ခုနှစ်၊ စူးအက်တူးမြောင်း ဖွင့်လှစ်ပြီးတဲ့အခါမှာ ဆန်စပါး တင်ပို့မှုတွေ ပိုမိုပြီးတော့ မြင့်မားလာပါတယ်။ ၁၉၀၅ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ဆန်တန်ချိန် (၁) သန်းခွဲအထိ တင်ပို့နိုင်ခဲ့ပါတယ်။ အဲဒီကနေ ၁၉၆၄ ခုနှစ်အထိ ဆန်တန်ချိန် (၃.၄)သန်းကျော် တင်ပို့နိုင်တဲ့အတွက် Worlds Largest Rice Exporting Country ရယ်လို့ ကမ္ဘာမှာ မြန်မာက ပထမနေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ၁၉၀၀ ပြည့်ပတ်ဝန်းကျင်မှာ အင်္ဂလန်က မာရှယ်ကုမ္ပဏီ၊ စကော့တလန် က ကာဗီကုမ္ပဏီ၊ ဂျာမဏီက တန်ဂျီကုမ္ပဏီတို့ကနေပြီးတော့ Steam ဘွိုင်လာတွေ၊ Steam အင်ဂျင်တွေကို စတဲ့ ဆန်စက်ဆက်စပ်ပစ္စည်းတွေကို ကမ္ဘာပေါ်မှာ အများဆုံးတင်သွင်းတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဒီကုမ္ပဏီကြီးတွေကနေ ဆန်စက်လုပ်ငန်းရှင်တွေကို (၂၅)ရာခိုင်နှုန်း လျှော့ပေါ့ဈေးနှုန်းများနဲ့ အထူးအခွင့်အရေးများပင် ရရှိခဲ့ပါတယ်။ ဒီဆန်စပါး ရောင်းဝယ်တင်ပို့ခြင်းကြောင့် ၁၉၀၀ ပြည့်လောက်မှာ ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းတွေ၊ တွဲဆိုင်းတွေ၊ သံလမ်းတွေကို စကော့တလန်နဲ့ အင်္ဂလန်ကနေ အများဆုံး မှာယူ တင်သွင်းတယ်လို့ သိရပါတယ်။

ဒါ့အပြင် ဧရာဝတီမြစ်ရိုးတစ်လျှောက်နဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ သယ်ယူပို့ဆောင်ဖို့အတွက် မီးသင်္ဘောတွေ၊ သင်္ဘောကျင်းတွေကို Ayeyarwaddy Flotilla ကုမ္ပဏီကနေတစ်ဆင့် အများဆုံး မှာယူတင်သွင်းနိုင်ခဲ့အတွက် အဲဒီခေတ်က မန်နေဂျာကိုတောင် ယခု ဗြိတိသျှ သံအမတ်ကြီးရဲ့ အိမ်တော်ကို ပေးအပ်ခဲ့တဲ့အထိ ပို့ဆောင်ရေးကဏ္ဍတွေ တိုးတက်လာခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေဘိုပေါ်ဆန်းမွှေးကို ၂၀၀၈-၂၀၀၉ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးမှာ စတင်စိုက်ပျိုးတာ ဖြစ်ပါတယ်။ ဖျာပုံကနေ မျိုးယူပြီးတော့ အဲဒီအခါက (၈၄၉၄)ဧက စတင်စိုက်ပျိုးခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ (၂၉၇၈၈၉)ဧကနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ (၂၈၂၆၂၄) ဧကအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ပါတယ်။ ရွှေဘို၊ မုံရွာ၊ ကလေး၊ ယင်းမာပင်၊ တမူး၊ စစ်ကိုင်းနှင့် ကသာဒေသများမှာ စိုက်ပျိုးခဲ့ကြပါတယ်။ ရာသီဥတုနှင့် တည်နေရာကြောင့် စျေးကွက်မျိုးစုံကို ဖြန့်ဖြူးနိုင်တဲ့ အားသာချက်လည်း ရှိပါတယ်။ ပြည်တွင်းစျေးကွက် သာမကဘဲနဲ့ တရုတ်နိုင်ငံဘက်သို့ပါ ဖြန့်ဖြူးနိုင်တဲ့အတွက် စျေးကွက်ဟာ ပိုမိုပြီးတော့ ကျယ်ပြန့်လာခဲ့ကြောင်း သိရပါတယ်။ အခုနေ အချိန်မှာတော့ ပြည်တွင်းစျေးကွက်မှာ ရွှေဘိုပေါ်ဆန်းမွှေးဟာ စျေးအမြင့်ဆုံးရပါတယ်။ စိုက်ပျိုးသူ တောင်သူများ အကျိုးအမြတ်များစွာ ရရှိတဲ့အတွက်လည်း ဒီရွှေဘိုပေါ်ဆန်းမွှေးဆန်ကို ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခြေအနေကို ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ကတော့ ဖျာပုံပေါ်ဆန်းမွှေးကို ၁၉၇၅-၁၉၇၆ ခုနှစ်မှာ ဖျာပုံမြို့နယ်ကြက်ဖမွှေးဇောင်းရွာမှာ စတင်စိုက်ပျိုးတယ်လို့ ဆိုပါတယ်။ ရက် (၁၂၀) စပါးမျိုးဖြစ်ပြီးတော့ တစ်နှစ်မှာ တစ်ကြိမ်သာ စိုက်ပျိုးနိုင်တယ်လို့ ဆိုပါတယ်။ ညတာရှည်တဲ့ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ မှီကပ်တဲ့ စပါးမျိုးဖြစ်ပါတယ်။ ဒါပေမဲ့ ဆန်ထွက်လာတဲ့အခါမှာ စားကောင်းတယ်၊ စျေးကွက်နေရာရတဲ့အတွက် ၁၉၈၉-၁၉၉၀ ခုနှစ်မှာ ဖျာပုံတစ်ခရိုင်လုံး ပေါ်ဆန်းမွှေးကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ စိုက်ပျိုးလာခဲ့ကြပါတယ်။ အဲဒီအချိန်မှစပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းစားသုံးမှု စျေးကွက်မှာ ဖျာပုံပေါ်ဆန်းမွှေးဟာ ထိပ်ဆုံးနေရာကနေ ရပ်တည်လာခဲ့ပါတယ်။ စိုက်ဧက (၁၈၀၀၀၀) လောက်ရှိတယ်လို့လည်းသိရပါတယ်။ ၂၀၀၉ ခုနှစ်နောက်ပိုင်း ရွှေဘိုပေါ်ဆန်းမွှေး စပေါ်ပြီးတဲ့အခါမှာ ဖျာပုံပေါ်ဆန်းမွှေးစျေးကွက်ဟာ ကျဆင်းလာခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလို ဖျာပုံပေါ်ဆန်းမွှေး ကျဆင်းလာရတဲ့အကြောင်းအရင်းကလည်း မျိုးမသန့်ခြင်း၊ ဓာတ်မြေဩဇာ သုံးစွဲမှုစနစ်မကျခြင်းတို့အတွက် မြေဆီလွှာများ ပျက်စီးလာခြင်း၊ စပါးကြိတ်ခွဲရာမှာ ခေတ်မီစက်ကိရိယာ အသုံးပြုမှုနည်းပါးခြင်း၊ စံချိန်နှင့် နည်းပညာ သတိမပြုမိခြင်း၊ မျိုးစပါး ထုတ်လုပ်ရာမှာ မျိုးရောနှောနေခြင်း တို့ကြောင့် ဖြစ်တယ်လို့ သုံးသပ်ပါတယ်။ မျိုးစပါးအတွက် သီးသန့်စိုက်ပျိုးခြင်း မလုပ်ဘဲ မိမိတို့ စိုက်ပျိုးနေတဲ့စပါးထဲကသာ မျိုးအတွက် အသုံးပြုခြင်းစတဲ့ မိရိုးဖလာဓလေ့ကိုပဲ အသုံးပြုခြင်း၊ မျိုးစေ့ထုတ်လုပ်မှု စရိတ်ချွေတာခြင်းစတဲ့အကြောင်းများကြောင့် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်တွင်းစားသုံးမှုစျေးကွက်မှာ နှစ်ပေါင်းများစွာ နေရာယူလာခဲ့တဲ့ ဖျာပုံပေါ်ဆန်းမွှေးကို စျေးကွက်မှာ ထိပ်ဆုံးနေရာ ပြန်လည်ရောက်ရှိရေးအတွက် ဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ယခုလို ပထမအကြိမ်၊ အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကို ရှေးနှစ်ပေါင်းများစွာ ကတည်းက ဆောင်ရွက်ခဲ့သော်လည်း စိုက်နည်းစနစ်နဲ့ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းများ၊ တောင်သူများရဲ့ တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်မှု မရှိခြင်းတို့ကြောင့် ဈေးကွက်ဝင် အရည်အသွေးကောင်းပြီး အထွက်နှုန်းလည်းကောင်းတဲ့ စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းလျက် ရှိပါတယ်။

လက်ရှိအခြေအနေမှာ မိမိတို့နိုင်ငံရဲ့ ဆန်အရည်အသွေးပိုင်း အားနည်းချက်ကြောင့် အခြားနိုင်ငံများမှ ရရှိတဲ့ဈေးနှုန်းနဲ့ အမေရိကန်ဒေါ်လာ တစ်တန်ကို (၃၀)မှ(၈၀)အထိ လျော့နည်းရရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာ့ဆန်ဖြူ (၂၅)မှတ် တစ်တန်ကို (၃၁၀)၊ (၃၂၀)ဒေါ်လာခန့်သာ ရရှိချိန်မှာ ထိုင်း(၂၅)မှတ်ဆန်ဟာ (၃၇၅) ဒေါ်လာ၊ ဗီယက်နမ် (၂၅)မှတ် ဆန်ဟာ (၃၄၅)ဒေါ်လာနဲ့ အိန္ဒိယ (၂၅)မှတ်ဆန်ဟာ (၃၆၅)ဒေါ်လာစီ ဈေးနှုန်းရရှိပါတယ်။

ဖော်ပြပါနိုင်ငံတွေဟာ ဈေးနှုန်းပိုမိုရရှိပြီးတော့ တစ်ဧကရဲ့ ကုန်ကျစရိတ်ဟာ ကျွန်တော်တို့ထက် သက်သာတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့ပါ၍ ပြည်ပဆန်များရဲ့ ဈေးနှုန်းနဲ့ ယှဉ်ပြိုင်ရောင်းချနိုင်တဲ့ အရည်အသွေးကောင်းမျိုးများ စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်မှာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးထားတဲ့ ပေါ်ဆန်းမွှေးဆန်နဲ့ ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် စောစောကမေးခွန်းထဲမှာလည်း ပါပါတယ်။ ဦးစောမော်ထွန်း ပြောသွားတဲ့ ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဆန်စပါးညီလာခံ ၂၀၁၉ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ဖျာပုံပေါ်ဆန်းမွှေးဟာ ထိုင်းနိုင်ငံမှာ ထွက်ရှိတဲ့ ဟုမ္မာလိ(Hom Mali) ဆန်ကဲ့သို့ ကမ္ဘာ့တန်းမြင့်ဆန် ဈေးကွက်ဝင် ဆန်အမျိုးအစားအဖြစ် အသိအမှတ်ပြုခံခဲ့ရပါ တယ်။

ဒါ့အပြင် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ တတိယပတ်မှာ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံမှာ နိုင်ငံအလိုက် စိုက်ပျိုးထုတ်လုပ်တဲ့ ဆန်

များရဲ့ အရည်အသွေး ယှဉ်ပြိုင်မှု ပြိုင်ပွဲမှာ မြန်မာ့ပေါ်ဆန်းမွှေးကို ကမ္ဘာ့အကောင်းဆုံး ဆန်အဖြစ် သတ်မှတ် အရွေးအချယ်ခံခဲ့ရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဖြေကြားချက်များအရ ပေါ်ဆန်းမွှေး၊ ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းဘေးကြားနဲ့ ပေါ်ဆန်းရင်စပါးများဟာ ရာသီစပါးများ ဖြစ်ကြပြီးတော့ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တို့မှာ အများဆုံး စိုက်ပျိုးကြပြီး ပေါ်ဆန်းစပါးမျိုးများကို ၂၀၁၁-၂၀၁၂ ခုနှစ်မှာ စိုက်ဧက (၆.၆)သိန်းကျော်သာ စိုက်ပျိုးခဲ့ရာကနေပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှာ စိုက်ဧက (၁.၂) သန်းခန့်အထိ တိုးချဲ့စိုက်ပျိုးခဲ့ပါတယ်။

ရွှေဘိုပေါ်ဆန်းစပါးမျိုး ဖြစ်ပေါ်လာပုံကတော့ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ သရောင်းချောင်းမျိုးသန့်ခြံ ကနေပြီး ပေါ်ဆန်းရင် အမျိုးအစားတွေ ရယူပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ချီပါမျိုးသန့်ခြံမှာ စမ်းသပ်စိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းပြီး ရှားပါးလာသော စပါးမျိုးများ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ဧက (၁.၂)သိန်းကျော် စိုက်ပျိုးရာက ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဧက(၃)သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ရွှေဘိုပေါ်ဆန်းနဲ့ အလားတူ ပေါ်ဆန်းရင်စပါးကို ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ဧက(၆.၇)သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီးတော့ ပေါ်ဆန်းမွှေးစပါးမျိုးကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့မှာ ဧက(၂)သိန်းကျော် စိုက်ပျိုးခဲ့ပါတယ်။

ပေါ်ဆန်းမွှေးစပါးမျိုးဟာ မြန်မာနိုင်ငံရဲ့ ထင်ရှားသော၊ အရည်အသွေးကောင်းသော စပါးမျိုးဖြစ်တာနဲ့အညီ ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မျိုးသန့်ခြံများမှာ မျိုးသန့်ထုတ်လုပ်ခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ဧရာဟသာ ဆန်စပါးအထူးပြုကုမ္ပဏီ၊ ဧရာပုသိမ်ကုမ္ပဏီ၊ ဧရာဝတီစိမ်းလန်းမြေ ကုမ္ပဏီကဲ့သို့သော ပုဂ္ဂလိကမျိုးစေ့ထုတ် ကုမ္ပဏီများမှာလည်း နှစ်စဉ် မျိုးသန့်ပွားများ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းကို ၁၉၈၉ ခုနှစ် စတင်ဖွဲ့စည်းခဲ့ရာ Promoter အဖြစ်ပါဝင်ခဲ့ပြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ လုပ်ခဲ့ရတဲ့အခါမှာ အဲဒီအချိန်ကတည်းကိုက ဆန်စပါးတွေနဲ့ ပတ်သက်ပြီးတော့ စောစောက မေးခွန်းထဲမှာပါသလိုပါပဲ။ ခေတ်မမီတဲ့ ဆန်စက်တွေကိုလည်း ခေတ်မီအောင် ဆိုပြီးတော့ အဲဒီကတည်းကိုက ကျွန်တော်တို့ခုနကပြောတဲ့ အထူးပြုကုမ္ပဏီများ ဖွဲ့စည်းပြီး ဒါ ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေးဦးစီးဌာန အောက်မှာရှိတဲ့ အပင်ဇီဝနည်းပညာ ဗဟိုဌာနမှာလည်း ပေါ်ဆန်းမွှေးစပါးမျိုးနဲ့ အနံ့၊ အရသာ တူညီပြီးတော့ ရာသီမရွေး စိုက်ပျိုးနိုင်တဲ့ သက်တမ်း (၁၂၀) ခန့်သာရှိသော ပေါ်ဆန်းမွှေးစပါးမျိုးကို စမ်းသပ်ဖော်ထုတ်ပြီး ဒေသအလိုက် ကိုက်ညီမှု ရှိ/မရှိ စမ်းသပ်ခြင်းကို ဧရာဝတီတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားထားပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာနနဲ့ ပူးပေါင်းပြီးတော့ အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ ဆန်စပါး၊ ပဲမျိုးစုံ၊ ရေထွက်ပစ္စည်း၊ အထည်ချုပ်ပစ္စည်းနဲ့ ရာဘာအစရှိသော ကုန်ပစ္စည်း(၅)မျိုး အတွက် (၅)နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆန်စပါးကဏ္ဍတိုးတက်အောင် ဆောင်ရွက်မယ့် အစီအမံများမှာ မိမိနိုင်ငံမှ ထွက်ရှိတဲ့ပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်းနဲ့ ရွှေဘိုပေါ်ဆန်းများကို မိမိနိုင်ငံရဲ့ ကိုယ်ပိုင်မူပိုင်ခွင့်ရရှိအောင်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှာ ရွှေဘိုပေါ်ဆန်းမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု Supply Chain ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး နဲ့ ရွှေဘိုပေါ်ဆန်းမွှေးမူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ရာမှာ စီးပွားရေးဆိုင်ရာပညာရှင်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဆန်စပါးကဏ္ဍဆိုင်ရာ ကုန်သည်အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူများ စုံညီစွာတက်ရောက်ဆွေးနွေး ညှိနှိုင်းခဲ့ပါတယ်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများရဲ့ သဘောတူညီချက်အရ အောက်ဖော်ပြပါ ဆုံးဖြတ်ချက် (၉)ရပ်ကို ချမှတ်နိုင်ခဲ့ပါတယ်။

(က) ရွှေဘိုခရိုင် ဆန်စပါးစိုက်ပျိုး ထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းဖွဲ့စည်းရန်။ (ခ) ဒေသထွက်ကုန်များရဲ့ ပထဝီဆိုင်ရာ အညွှန်းစာရင်းမှာ ရွှေဘိုပေါ်ဆန်း ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်နိုင်မယ့် အဖွဲ့အစည်းရှိအောင် ကြိုတင်ဆောင်ရွက်ထားရန်။ (ဂ) ပထဝီဆိုင်ရာ အညွှန်းမူပိုင်ခွင့်ရရှိရေးအတွက် ရွှေဘိုပေါ်ဆန်းမွှေး သမိုင်းကြောင်း ပြုစုသည့်မှစပြီး အဆင့်ဆင့် ဆောင်ရွက်နိုင်အောင်ဖွဲ့စည်းထားတဲ့အသင်းအား သင်တန်းပေးရန်။ (ဃ) ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်(၈)မြို့နယ်မှ ရွှေဘိုပေါ်ဆန်းမွှေးရဲ့ အရည်အသွေးများနဲ့ မြို့နယ်အလိုက်မြေ၊ ရေများ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းဆောင်ရွက်ရန်။ (င) မျိုးကောင်းမျိုးသန့် စနစ်တကျ ထုတ်လုပ်နိုင်အောင် စိုက်ပျိုးရေးပညာရှင်များနဲ့ ပူးပေါင်းပြီး Seed Industry တစ်ခုထူထောင်ရန်။ (စ) အရည်အသွေးကောင်း ဆန်စပါးထွက်ရှိစေရန် ပိုးသတ်ဆေးအလွန်အကျွံ မသုံးစွဲဘဲ ဘက်စုံပိုးမွှား ကာကွယ်နည်းစနစ်ကို အသုံးပြုရန်နှင့် ပညာပေးရန်။ (ဆ) ဈေးကောင်းရရှိတဲ့အချိန်မှာ ပစ္စည်းပြတ်လပ်သွားတာမျိုးမဖြစ်ပေါ်အောင် သိုလှောင်နိုင်တဲ့ အခြေအနေထူထောင်ရန်။ (ဇ) ရွှေဘိုမြို့မှာ ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီတည်ထောင်ပြီး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းနဲ့ ရွှေဘိုပေါ်ဆန်းမွှေးရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရေး စုပေါင်းဆောင်ရွက်ရန်။ (ဈ) ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နည်းပညာပေးဆောင်ရွက်ရန်၊ အလုပ်ရုံဆွေးနွေးပွဲက ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်များကို ဆန်စပါးကဏ္ဍဆိုင်ရာအသင်းအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနဲ့ ကဏ္ဍအလိုက် တာဝန်ရှိတဲ့ ဌာနဆိုင်ရာများက အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း သဘောတူညီမှုရရှိပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးမှာ ပေါ်ဆန်းစပါးစိုက်ပျိုးတဲ့ တောင်သူတွေဟာ ပေါ်ဆန်းဈေးကောင်းရရှိပါက စိုက်ဧကတိုးချဲ့စိုက်ပျိုးတဲ့ အစဉ်အလာရှိပြီး အထူးသဖြင့် ဖျာပုံဒေသမှာ ပေါ်ဆန်းစပါးစိုက်ပျိုးခြင်းဟာ ညှော်မထကဲ့သို့ အခြားစပါးမျိုးများ စိုက်ပျိုးခြင်းနဲ့ တွက်သားကိုက်မှုရှိပြီး ရေမြေသဘာဝအရ ပင်လယ်ပိုင်း ဒီရေအဝင်အထွက်ရှိသော ဒေသများမှာ ပေါ်ဆန်းစပါးမှာ ပိုမို

အောင်မြင်ဖြစ်ထွန်းခြင်းကြောင့် နှစ်စဉ်ပေါ်ဆန်းစပါး စိုက်ဧကများ တိုးတက်လာနိုင်တဲ့ အခြေအနေ ရှိကြောင်း လေ့လာ သိရှိရပါတယ်။

လက်ရှိ ဆန်စပါးနဲ့ပတ်သက်ပြီး ပြည်ပတင်ပို့မှုကို တင်ပြလိုပါတယ်ခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆန်၊ ဆန်ကွဲတင်ပို့မှုဟာ ၁-၄-၂၀၁၄ မှ ၆-၃-၂၀၁၅ ထိ ဆန်တန် (၁.၆၅)သန်း၊ အမေရိကန် ဒေါ်လာ (၅၉၂)သန်းဖိုး ဒါ တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်အတွင်းမှာ ဒီနှစ် စံချိန်တင်အများဆုံးတင်ပို့ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်းမှာ နှစ်စဉ် ဆန်တန်ချိန်(၁.၂)သန်း၊ (၁)သန်းနီးပါးထိ နှစ်စဉ်ပို့နိုင်ခဲ့ပါတယ်။ ဒီနှစ်ဟာတော့ ဒီ ဆန်တန် (၁.၆၅)သန်း ဒါပို့နိုင်ပြီးတော့ ပြည်ပကို ပင်လယ်ပေါက်ကရော၊ အိမ်နီးနားချင်းနိုင်ငံများပါ ပို့နိုင်ခြင်း ဖြစ်ပါတယ်။ အဲဒီထဲမှာတော့ အထူးသဖြင့် ဧည့်မထ(၂၅)မှတ် အများဆုံးတင်ပို့နိုင်ပြီးတော့ ပေါ်ဆန်းတော့ အနည်းအကျဉ်းသာ တင်ပို့နိုင်ပါတယ်။

သို့သော်လည်းပဲ ယခုအချိန်မှာ ပေါ်ဆန်းအများဆုံးထွက်ရှိပြီးတော့ စောစောက ပြောသလို ပါပဲ ကျွန်တော်တို့ ဂျာမဏီကထွက်တဲ့ Bubler ဆန်စက်များ၊ ဂျပန်နိုင်ငံကထွက်တဲ့ Satake ဆန်စက် များနဲ့ အစားထိုးပြီးတော့လုပ်တဲ့အတွက် မကြာခင်မှာ ပေါ်ဆန်းလည်း မြောက်မြားစွာ တင်ပို့နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အရည်အသွေးမြင့်ဆန်ကြိတ်ခွဲ ထုတ်လုပ် နိုင်ရေးအတွက် ခေတ်မီဆန်စက်ပိုင်းများဖြစ်တဲ့ ရာဘာရိုလာ စပါးအခွံချွတ်စက် (Rubber husker)၊ ဆန်အရောင် တင်စက် (Rice Polisher)၊ ဆန်အရောင် မညီရွေးထုတ်စက် (Colour Sorter)၊ ကျောက်ခဲ ခွဲထုတ်စက် (Destoner) အလိုအလျောက်ဆန်ရောနှော ယူနစ်များဖြစ်တဲ့ Automatic Blending Unit တပ်ဆင် အသုံးပြုတဲ့ ခေတ်မီဆန်စက်များ ပြည်ပမှ ဝယ်ယူတပ်ဆင်ရေးအတွက် အလွယ်တကူ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တစ်ဆက်တည်းမှာပဲ ဆန်စက်ထုတ်လုပ်တဲ့ ကုမ္ပဏီများကို မြန်မာပြည်ခေါ်လာပြီးတဲ့အခါမှာ ဆန်စက်ပိုင်ရှင်များ အဆင့်လိုက်ပေါ့လေ၊ ခုန စောစောကပြောတဲ့ (Colour Sorter)၊ (Destoner) အစရှိသည်ဖြင့် ဝယ်ယူနိုင်အောင်လည်းဆောင်ရွက်ပေး လျက်ရှိပါတယ်။ ပြည်ပမှဝယ်ယူ တပ်ဆင်ရေး အတွက် အလွယ်တကူတင်သွင်းနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခွန်အခ သက်သာ အောင်လည်းပဲ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလိုင်စင်နဲ့ပတ်သက်လို့လည်းပဲ တိုင်းနဲ့ပြည်နယ်များ နေပြည်တော်နဲ့ အထူးသဖြင့် ရန်ကုန်မြို့ မှာရရှိပြီး လွယ်လင့်တကူ လုပ်နိုင်အောင်လည်းပဲ စီးပွားကူးသန်းဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေး လျက်ရှိပါတယ်။ အဆိုပါ ခေတ်မီစက်များဖြင့် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲတင်ပို့ခြင်းအားဖြင့် ဈေးနှုန်း လည်းပိုရမှာဖြစ်သလို ဈေးကွက်ယှဉ်ပြိုင်နိုင်မှုများလည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။

သို့ပါ၍ ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရေးအတွက် အစိုးရ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်းနဲ့ ဖျာပုံပေါ်ဆန်းမွှေးကို ပြည်တွင်းဈေးကွက်မှာ ထိပ်ဆုံး ပြန်ရောက်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဒေသအတွင်းမှာရှိတဲ့ ဆန်စပါးကဏ္ဍမှ အသင်းအဖွဲ့တာဝန်ရှိသူများ၊ ဆန်အထူးပြု ကုမ္ပဏီကြီးများ၊ ဆန်စက်ပိုင်ရှင်များ အားလုံးက ကောင်းမွန်တဲ့ စိုက်ပျိုးမှုစနစ်နဲ့ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်းလုပ်ငန်းများကို

စနစ်ကျနစွာ ဆောင်ရွက်သွားသင့်ပါကြောင်းနဲ့ ဝန်ကြီးဌာနများအပိုင်းကလည်းပဲ ဝိုင်းဝန်းကူညီ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများ ဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မယ်စဲ့မြို့နယ်အတွင်းရှိ ကြယ်တံခွန်ကျေးရွာနှင့် ဟိုမန်းကျေးရွာတို့ကို မြို့နယ်ကျေးရွာအုပ်စုတွင် ထည့်သွင်းပေး၍ ကျေးရွာ၏ လိုအပ်ချက်ဖြစ်သော လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က မယ်စဲ့ မြို့နယ်အတွင်းရှိ ကြယ်တံခွန်ကျေးရွာနှင့် ဟိုမန်းကျေးရွာတို့ကို မြို့နယ်ကျေးရွာအုပ်စုတွင် ထည့်သွင်း ပေး၍ ကျေးရွာ၏ လိုအပ်ချက်ဖြစ်သော လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မယ်စဲ့မြို့နယ်အတွင်း ကြယ်တံခွန် ကျေးရွာနဲ့ ဟိုမန်းကျေးရွာတို့အား မြို့နယ်၏ ကျေးရွာအုပ်စုတွင် ထည့်သွင်းပေး၍ ကျေးရွာ၏ လိုအပ် ချက်ဖြစ်သော လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မယ်စဲ့မြို့နယ်အတွင်းရှိ ကြယ်တံခွန် ကျေးရွာဟာ မြို့နယ်၏ မြောက်ဘက်(၃၀)မိုင်အကွာ၊ ရှာသစ်မြို့နယ် အရှေ့ဘက်နယ်နိမိတ်၊ မြောက် ဘက် ရှားတောမြို့နယ် နယ်နိမိတ်နှင့် အရှေ့ဘက်ထိုင်းနိုင်ငံ နယ်နိမိတ်အစပ်တွင် တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ဝေးလံခေါင်းပါး သွားလာရခက်ခဲပြီး လမ်းမပေါက်တဲ့ ကျေးရွာတစ်ရွာ လည်းဖြစ်ပါတယ်။

ယခင်က မငြိမ်းချမ်းတဲ့ဒေသဖြစ်ပြီး ယခုအခါမှာ တည်ငြိမ်အေးချမ်းလာပြီဖြစ်လို့ ကျေးရွာ နေပြည်သူများမှ ကျွန်တော်တို့ဆီ မြို့နယ်နှင့်သက်ဆိုင်တဲ့ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ တောင်းဆို

တင်ပြ ချက်တွေရှိလာပါတယ်။ ဒီလို တောင်းဆိုချက်များကြောင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မယ်စဲ့မြို့နယ် ပညာရေးစာရင်းဝင်အဖြစ် နေ့စားဝန်ထမ်း သင်ကြားရေးဆရာ(၃)ဦးနဲ့ ပညာရေး ကိစ္စရပ်ကို ပထမဆုံး ဆောင်ရွက်ပေးခဲ့ပါတယ်။

ကြယ်တံခွန်ကျေးရွာမှာ ဘာသာရေး အဆောက်အဦများနှင့် စာသင်ကျောင်း၊ အိမ်ခြေ(၂၁) အိမ်၊ လူဦးရေ(၁၃၂)ဦး၊ ကျောင်းသား(၂၀)ဦး တည်ရှိပါတယ်။ ဒါ့အပြင် ကျေးရွာပတ်ဝန်းကျင်အနီးမှာ ဟိုမန်းကျေးရွာတည်ရှိပါတယ်။ ဟိုမန်းကျေးရွာဟာ ၁၉၇၃ ခုနှစ်မှာ ဖားဆောင်းမြို့နယ် ကျေးရွာအုပ်စု ပြည်ထဲရေးအမည်ပေါက် စာရင်းတွင်ပါဝင်ခဲ့ပါတယ်။ ဟိုမန်းကျေးရွာမှာ လူဦးရေနဲ့အိမ်ခြေ အတိအကျ တင်ပြလာခြင်းမရှိသေးသော်လည်း မေးခွန်းမှာ တစ်ပါတည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒီကျေးရွာများဟာ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ခံချိန်မှာ ကျန်ရစ်ခဲ့သော ကျေးရွာများဖြစ်ပါတယ်။ ယခုအခါမှာ ဒီကျေးရွာတွေကို မြို့နယ်စာရင်းတွင်ထည့်သွင်းပေးဖို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ လုပ်ပေးဖို့၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ မြို့နယ်ရဲ့ ခွေးထွေးမှု အောက်မှာထားရှိပြီး လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များဆောင်ရွက်ပေးဖို့ တောင်းဆိုတင်ပြချက်များရှိ လာပါတယ်။ သို့သော် ကြယ်တံခွန်ကျေးရွာမှာ မယ်စဲ့မြို့နယ်အတွင်း ကျရောက်နေတယ်ဆိုပေမယ့် လမ်းမပေါက်၍ သွားလာရခက်ခဲတဲ့ ဒေသဖြစ်တာကြောင့် မြို့နယ်နှင့် အလှမ်းကွာဝေးလျက်ရှိပါတယ်။ ရွာသစ်မြို့နယ်နှင့် အနီးစပ်ဆုံးကျေးရွာ တစ်ရွာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၁) ကြယ်တံခွန်ကျေးရွာ၊ ဟိုမန်းကျေးရွာများကို မယ်စဲ့မြို့နယ်ကျေးရွာအုပ်စုတွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း၊ (၂) သန်းခေါင်စာရင်းကောက်ခံရန်ကျန်ရှိသော ကျေးရွာများကို နောက်ဆက်တွဲစာရင်းဖြင့် ထည့်သွင်းကောက်ခံပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း၊ (၃) မြို့နယ်၏ ကျေးရွာ အိမ်ထောင်စုစာရင်းဝင် ပုံစံ(၁၀)ထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း၊ (၄) ပုံစံ(၁၀)ထုတ်ပေးပါက တစ်ဆက်တစ်စပ်တည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း၊ (၅) ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုကိစ္စရပ်များဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း၊ (၆) လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ အစပြုဆောင်ရွက်ချိန်တွင် သက်ဆိုင်တဲ့ ဌာနအသီးသီးဝန်ထမ်းများ တာဝန်အရ သွားလာမှုအတွက် ခရီးစရိတ်များပါ ထည့်သွင်းစဉ်းစားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့်အတွက် ကျွန်တော် တင်ပြခဲ့တဲ့ မေးခွန်းများကို သိရှိလိုတဲ့အတွက်ကြောင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်ထဲရေးဝန်ကြီးဌာန၏ များပြားသောတာဝန်များကို ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက် က ပြည်ထဲရေးဝန်ကြီးဌာန၏ များပြားသောတာဝန်များကို ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခု ကျွန်တော် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ များပြားသော တာဝန်များကို ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး ကျွန်တော်သိချင်တာလေး မေးသွားမှာ ဖြစ်ပါတယ်။

အဓိကဒီမေးခွန်းရဲ့ အဓိပ္ပာယ်က ဒီဝန်ကြီးဌာနရဲ့ အောက်မှာရှိတဲ့ ဦးစီးဌာနတွေကို တခြား နေရာတွေကို ဖြန့်ခွဲထုတ်ပြီးတော့မှ တာဝန်ခွဲပေးဖို့မဟုတ်ပါဘူး။ ဒီ ပြည်ထဲရေးဝန်ကြီးဌာနဟာ ယနေ့ လက်ရှိအနေအထားအရ အခြေခံဥပဒေအတိုင်းပဲ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကနေပြီးတော့မှ အမည် စာရင်းပေးပို့ပြီးတော့မှ နိုင်ငံတော်သမ္မတက ရွေးချယ်၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြီးတော့မှ ခန့်ထားတဲ့ တပ်မတော်ကအရာရှိကြီး တစ်ဦးပါ။ ဒုတိယဝန်ကြီးများဟာလည်းပဲ ဒီအတိုင်းပဲ တပ်မတော်ကတာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်များပဲ ဖြစ်ပါတယ်။ ဒီ ပုဂ္ဂိုလ်များကို ကြည့်လို့ရှိရင် တကယ့်ကို စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေး စသည်ဖြင့် အမြင်များစွာ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။

ဒီဝန်ကြီးဌာနမှာပါတဲ့ ဒီဦးစီးဌာနတွေကလည်းပဲ ပြန်ကြည့်မယ်ဆိုရင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ ပြီးရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ နောက်တစ်ခါ မြန်မာ နိုင်ငံ မီးသတ်တပ်ဖွဲ့၊ နောက်တစ်ခါ အကျဉ်းဦးစီးဌာန စသည်ဖြင့် အင်မတန်မှ အရေးကြီးတဲ့ ဌာနတွေ ဖြစ်တဲ့အတွက် ဒီလိုအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေက စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုကောင်းကောင်းနဲ့ ဒါ ကျွန်တော်တို့ တာဝန်ထမ်းဆောင် ကွပ်ကဲနေတာဖြစ်တဲ့အတွက် အင်မတန်မှ ဂုဏ်ယူဖို့လည်းကောင်း ပါတယ်။

သို့သော်လည်းပဲ အောက်ခြေမှာ ကျွန်တော်တို့ မနိုင်မနင်းဖြစ်နေတာလေးတွေ တော်တော် လေးများပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ နိုင်ငံရဲ့အနေအထား ဒီ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနရဲ့ ဖွဲ့စည်းပုံအခြေအနေကို ကြည့်မယ်ဆိုရင် ဒါ ဆယ်အိမ်စု၊ ရာအိမ်စု အဲဒီကနေ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေး၊ အဲဒီကမှတစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်းစသည်ဖြင့် ဒီလိုဖွဲ့စည်းသွားတာဖြစ် ပါတယ်။ ဒီနေရာမှာ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးတွေရဲ့ အနေအထားကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဒီ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားဖို့အတွက်ကို အခြေခံဥပဒေမှာကို ပြဋ္ဌာန်း ပြီးတော့မှ ဥပဒေ၊ နည်းဥပဒေများနဲ့ ဒါ စနစ်တကျခန့်ထားတာဖြစ်ပါတယ်။

သို့သော်လည်းပဲ ကနေ့ ပြန်ဆင်းကြည့်မယ်ဆိုလို့ရှိရင် ဖွဲ့စည်းပုံကိုတောင်မှ မမှန်သေးတဲ့ အနေအထားတွေ ကျွန်တော်တို့ တွေ့နေရပါတယ်။ တချို့နေရာတွေမှာ ဥက္ကဋ္ဌတွေ တွေ့တယ်။ အတွင်း ရေးမှူးတွေရှိတယ်။ အဖွဲ့ဝင်တွေရှိတယ်။ ကျွန်တော်တို့လည်း တည့်နိုင်သလောက်တော့ ပြန်ပြီးတော့ ဖွဲ့စည်းပုံကို တည့်ပေးခဲ့ပါတယ်။ သို့သော်လည်း တော်တော်များများကတော့ မတည့်ကြသေးပါဘူး။ အဲဒီတော့ ဒီ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတွေ အလုပ်လုပ်နိုင်ဖို့အတွက် အထောက်အကူပြု ကော်မတီတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတွေ၊ ကျွန်တော်တို့ ပညာရေးကော်မတီ တွေ၊ ကျန်းမာရေးကော်မတီတွေ၊ ရွာတွေမှာ ဖွဲ့စည်းထားပေမယ့် ကနေ့ပြန်ကြည့်တဲ့အခါမှာ တစ်ယောက်နဲ့ တစ်ယောက် တစ်ဖွဲ့နဲ့တစ်ဖွဲ့က ပေါင်းစပ်ညှိနှိုင်းမှု မရှိကြပါဘူး။ ရွာသားတွေ လိုလား

ချက်ကတစ်မျိုး၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးက အထက်ကို တင်ပြတာကတစ်မျိုး၊ ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုအဖွဲ့တွေက မသိတာက အမျိုးမျိုးနဲ့ဆိုတော့ ကျွန်တော်တို့ အောက် ခြေမှာ သွားကြည့်လိုက်လို့ရှိရင် လုပ်ငန်းတစ်ခုဟာ ပီပီပြင်ပြင်လုပ်နိုင်တဲ့အနေအထား မတွေ့တဲ့ အတွက် ကနေ့ ရပ်ကွက်ကျေးရွာအုပ်ချုပ် ရေးမှူးတွေရဲ့ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးစနစ်ရဲ့ အနေ အထားဟာ ခိုင်ခိုင်ခံ့ခံ့မရှိဘူး ဆိုတာ တွေ့မြင်နိုင်ပါတယ်။

အလားတူပဲ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ ပြန်ကြည့်မယ်ဆိုလို့ရှိရင် မြို့နယ်အုပ်ချုပ်ရေးမှူး တွေရဲ့ လုပ်ငန်းတာဝန်တွေကလည်း အင်မတန် များပြားပါတယ်။ ဟိုကော်မတီမှာလည်းပါပါတယ်။ ဒီကော်မတီမှာလည်းပါပါတယ်။ အစည်းအဝေးလည်း ခဏခဏသွားရပါတယ်။ တကယ်တမ်းကျ တော့ ခုနကပြောတဲ့ အခြေခံ အချက်အလက်ကလေးတွေတောင်မှ မြို့နယ်အုပ်ချုပ်ရေးမှူးတွေဟာ ဆင်းပြီး တော့ရင် တည့်မတ်အောင်လုပ်မပေးနိုင်တဲ့ အနေအထားလေးတွေ ကျွန်တော်တို့ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကနေ့ ရပ်ကွက်/ကျေးရွာမှာ တာဝန်ထမ်းဆောင်ခဲ့ ကြတဲ့ အခြေခံပညာ သတ်မှတ်ထားတဲ့ အဆင့်၊ နောက်တစ်ခါ ပညာအရည်အချင်း သတ်မှတ်ထားတဲ့ အဆင့်၊ လုပ်သက်အတွေ့အကြုံသတ်မှတ်ထားတဲ့ အဆင့်ရှိတဲ့ ကလေးများကို ရပ်/ကျေးစာရေးများကို ကျွန်တော်တို့ ဒါ ဝင်ခွင့်စာမေးပွဲနဲ့ သင်တန်းနဲ့ စနစ်တကျလုပ်ပြီးတော့မှ မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှာ ဒုဦးစီးမှူးများဆိုပြီး ကနေ့ ကျွန်တော်တို့ တာဝန်ပေးတာတွေ တွေ့ရပါတယ်။ ဒါ ကျွန်တော်တို့ စောင့်ကြည့်ခဲ့တာဖြစ်ပါတယ်။ အနေအထားအရ ဌာနကို ရောက်သွားတဲ့အခါမှာ မိမိထမ်းဆောင်ရမယ့် တာဝန်ထက် အဓိကက လုပ်ပိုင်ခွင့်နဲ့ အာဏာရှိတဲ့ နေရာကိုပဲ ချောင်းကြပါ တယ်။ ကိုယ်လုပ်ရမယ့် ကိုယ့်တာဝန်ကို မလုပ်ကြဘဲနဲ့ ခုနက အနေအထားမျိုးကို လမ်းကြောင်းကို ရောက်အောင်သွားပြီးတော့မှ ကိုယ်ကိုယ်တိုင်လုပ်ပိုင်ခွင့်ရှိတဲ့နေရာနဲ့ အာဏာကိုရရင်လည်းရ မရရင် လည်းဘဲ လုပ်ပိုင်ခွင့်ရှိတဲ့ အာဏာနဲ့ ဖန်တီးနိုင်တဲ့ ပုဂ္ဂိုလ်ကိုချဉ်းကပ်ပြီးတော့မှပဲ ဒီလမ်းကြောင်းကို ရောက်သွားကြတဲ့အတွက် ဒီနေ့ ဌာနဆိုင်ရာ ဒီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ရုံးတွင်းဆိုင်ရာ ကိစ္စရပ်တွေကလည်း မပီပြင်တာ တွေ တွေ့နေရပါတယ်။

တစ်ခါ မြို့နယ်အုပ်ချုပ်ရေး၊ ခရိုင်အုပ်ချုပ်ရေး၊ တိုင်းအုပ်ချုပ်ရေးမှူးကြီးများကို ကြည့်မယ် ဆိုလို့ရှိရင်လည်း အရမ်းအလုပ်များပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးလည်း ခုနက ကျွန်တော် ပြော သလိုပဲ။ အလုပ်များပါတယ်။ လူကြီးလာရင် လိုက်ရတယ်။ အစစ်ဆေးခံရတယ်။ ပညာရေး၊ ကျန်းမာ ရေး၊ မြေယာ၊ စိုက်ပျိုးရေးပြဿနာ သောင်းခြောက်ထောင်ကို အကုန်လုံး ဒါ ရင်ဆိုင်ဖြေရှင်းပေးနေရ တဲ့ ဌာနလည်း ဖြစ်ပါတယ်။ ဒါ မိတ္တူရော၊ လိပ်မူရော အကုန်လုံး ဒီဌာနကို ရောက်ကြပါတယ်။

အဲဒီတော့ တိုင်းအုပ်ချုပ်ရေးမှူးရဲ့ အနေအထားကို ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ တိုင်း ဒေသကြီး/ပြည်နယ်အစိုးရမှာ ဒီပုဂ္ဂိုလ်များဟာ အစိုးရအဖွဲ့အတွင်းရေးမှူး ဖြစ်တဲ့အတွက် အစိုးရ အဖွဲ့ရဲ့ တာဝန်တွေကိုလည်း ထမ်းဆောင်ရသလို၊ တိုင်းအုပ်ချုပ်ရေးတာဝန်ကိုလည်း ထမ်းဆောင်ရပါ တယ်။ ဒါ့အပြင် တခြားသော ဧည့်သည်သောင်သည်ကိစ္စများ၊ ပြီးရင် တင်ဒါကိစ္စများ၊ ဖွံ့ဖြိုးတိုး တက်ရေးကိစ္စများ စသည်ဖြင့် တော်တော်လေး အလုပ်များတဲ့အတွက် ဒီပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ ကြည့်နေတဲ့အခါမှာ နားချိန်တောင် သိပ်မတွေ့ရပါဘူး။

အဲဒီတော့ ကျွန်တော်တို့ စိတ်ပူတာက အလုပ်တွေများရင် အာဏာတွေများလာရင်၊ လုပ်ပိုင်ခွင့်တွေ များလာရင်နဲ့ဆိုလို့ရှိရင် ဒါချဉ်းကပ်လာတဲ့လူများလာပြီးတော့မှ ဒါဟာ အုပ်ချုပ်ရေးယန္တရားတွေ ယိုယွင်းမှာလည်းပဲ ကျွန်တော်တို့ စိုးရိမ်မိပါတယ်။ အဲဒါအပြင် နောက်တစ်ခု အစိုးရအဖွဲ့အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရတာဖြစ်တဲ့အတွက် ဒီမိုကရေစီအစိုးရများရဲ့ ပုံစံအတိုင်းပဲ၊ တိုင်းနဲ့ပြည်နယ်ဒေသတွေမှာ ဖြစ်လာမယ့် ဝန်ကြီးတွေ၊ တာဝန်ထမ်းဆောင်လာမယ့် ဝန်ကြီးများဟာ အစိုးရအုပ်ချုပ်ရေးကိစ္စများကို တာဝန်ထမ်းဆောင်မှု အထိုက်အလျောက် အတွေ့အကြုံရှိတဲ့လူ ရှိသလို၊ မရှိတဲ့လူလည်း ရှိကြပါတယ်။ ဒီအပေါ်မှာ အတွေ့အကြုံရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အုပ်ချုပ်ရေးမှူးများက တိုင်းအစိုးရအဖွဲ့ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ပြီးတော့ ဒီအဖွဲ့အပေါ်မှာ လွှမ်းမိုးလာတဲ့ အပိုင်းလေးတွေလည်း ကျွန်တော်တို့ တွေ့ရတာ ဖြစ်တဲ့အတွက် လုပ်ရကိုင်ရတာလေးတွေလည်း အခက်အခဲ ရှိလာတယ်လို့ ကျွန်တော်တို့ ကြားနေ၊ မြင်နေ၊ တွေ့နေရပါတယ်။ ဒါကျွန်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပတ်သက်ပြီးတော့မှ အကျဉ်းချုပ် ကျွန်တော် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပတ်သက်လို့လည်း ကနေ့ ပြည်တွင်းလုံခြုံရေးရဲ့တာဝန်ဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ပုခုံးပေါ်မှာ ကျရောက်နေပါတယ်။ ဒါကြောင့်မို့လို့ လူ၊ လက်နက်အကုန်လုံး ပင်လယ်ကမ်းရိုးတန်း၊ သစ်တော၊ စည်ပင်ရဲ စသည်ဖြင့် အကုန်လုံး စုဖွဲ့ပုံတွေ တိုးချဲ့ပြီးတော့မှ ဖွဲ့စည်းဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ အဲဒီတော့ လုံခြုံရေးတာဝန်ဟာ အရမ်းကြီးပါတယ်။ ဒီနေ့ အနေအထားအရဆိုလို့ရှိရင် အရေးအခင်းများ ဖြစ်ပါတယ်။ ဒီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကပဲ ဒါထိန်းကျောင်းရတာတွေ ရှိလာပါတယ်။ အဲဒီတော့ တကယ်တမ်း ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့၊ လုံခြုံရေးကိစ္စတွေနဲ့ပတ်သက်ပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှု ဒီလိုတွေ ဖြစ်လာနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေနဲ့လည်းပဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ဥပဒေဘောင်ထဲက လုပ်နိုင်တဲ့၊ လုပ်သင့်တဲ့ဟာတွေ လုပ်ဖို့သင့်ပါတယ်လို့ ကျွန်တော် အကြံပြုချင်ပါတယ်။ နေရာတကာအပေါ်က ခိုင်းမှလုပ်တာရယ်၊ အပေါ်က အမိန့်မရသေးလို့ မလုပ်တာရယ် စသည်ဖြင့် ဒီလိုနဲ့ပဲ သွားနေမယ်ဆိုရင်တော့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းကိုင်ငန်းတွေဟာ တော်တော်လေးနှောင့်နှေးမယ်လို့ ကျွန်တော့်အနေနဲ့ တွေ့မြင်မိပါတယ်။

နောက်တစ်ခုက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနလည်း ဒီအတိုင်းပါပဲ။ ဒေသအတွင်းထဲမှာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ဒါနဲ့ပတ်သက်တဲ့ သတင်းဆက်စပ်မှုတွေ ဖော်ထုတ်ရတဲ့အတွက် ဒါ အရေးကြီးဌာနတစ်ခု ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီနေ့ ဒီဌာနတွေက ဝန်ကြီးဌာနထဲမှာ စုပေါင်းနေတဲ့အခါကျတော့ ဥပမာ ဖြစ်စဥ်လေးတစ်ခု ကျွန်တော်တို့ တွေ့ပါတယ်။ ဒီမြို့လယ် မီးပွိုင့်တစ်ခုမှာ တက္ကသိုလ်ကျောင်းသား တစ်ယောက်စီးလာတဲ့ ဆိုင်ကယ်ကို စုံစမ်းရေးဦးစီးဌာနက သာမန်အရပ်သားတစ်ယောက် မောင်းလာတဲ့ကားက ဝင်တိုက်ပါတယ်။ တိုက်တာကလည်းပဲ ယာဥ်ထိန်းရဲ ရှေ့တည့်တည့်မှာ တိုက်ပါတယ်။ သို့သော်လည်း ဘယ်သူ့မှာ တာဝန်ရှိမှန်း၊ ဘယ်သူမှားမှန်း မဆုံးဖြတ်နိုင်ကြပါဘူး။ နောက်ဆုံးပိတ် ရဲဆီရောက်သွားတဲ့အခါကျတော့ ရဲစခန်းမှာ ရှင်းကြတော့လည်း ရဲက ရဲရေးပိုင်တဲ့အမှုနဲ့၊ ရဲရေးမပိုင်တဲ့အမှုနဲ့ ရှင်းပြပြီးတော့ ဟိုလိုလို ဒီလိုလို ဖြစ်တဲ့အခါကျတော့ ကျောင်းသားတွေက မကျေနပ်တာလေးတွေ ဖြစ်လာပါတယ်။ ဒါကြောင့် အခြေအနေကို ဝင်ပြီးထိန်းရ၊ ကျောင်းရ၊ သိမ်းရတာလေးရှိလာခဲ့တဲ့အတွက် ဒီဌာနတွေဟာ ဝန်ကြီးဌာနတစ်ခုတည်းမှာ စုပေါင်းပြီးတော့ ဒီလိုရှိနေလို့

ရှိရင် ဌာနတစ်ခုနဲ့တစ်ခု လွှမ်းမိုးနေတာလေးတွေ၊ ဆက်စပ်နေတာလေးတွေအပေါ်မှာ အားနာမှု၊ အချင်း ချင်းရိုင်းပင်းမှုဆိုတဲ့ အနေအထားမျိုးနဲ့ လမ်းကြောင်းအမှန်ကနေပြီးတော့ လွဲသွားမှာလည်း ကျွန်တော် တို့စိတ်ပူမိပါတယ်။ နောက်တစ်ခါ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ တကယ့်ကို ကိုယ်ပိုင်ဆုံးဖြတ် ခွင့်နဲ့ တကယ့်ကျွန်တော်တို့ နိုင်ငံရဲ့အနေအထား၊ မြို့ပြတည်ဆောက်မှုတွေရဲ့ အနေအထားအရ ဘာပြောပြော ဒီနွေရာသီရောက်လာရင်ကို ကျွန်တော်တို့က မီးဘေးစိုးရိမ်နေရပါတယ်။ သတင်းစာထဲ မှာ ကြည့်လိုက်ရင်လည်းပဲ ကျွန်တော်တို့က မီးဘေးအတွက်ကြိုတင်ပြင်ဆင်တဲ့ မီးသတ်တဲ့ နည်းစနစ်ပြ တာတို့ ဒါလေးတွေ ကျွန်တော်တို့ လုပ်ပြနေတာတော့တွေ့ပါတယ်။

ဒါပေမဲ့ တကယ်တမ်းလုပ်ရမယ့် မြို့ပြ၊ ကျေးရွာတွေထဲမှာသွားကြည့်လိုက်လို့ရှိရင် ဓာတ်ဆီ ဆိုင်၊ လောင်စာဆီဆိုင်ဖွင့်ပြီးတော့မှ ရောင်းချနေတာတွေကအများကြီးပါပဲ။ ကျွန်တော်တို့ ဘယ်လောက် ပဲပြောပြော မီးသတ်တပ်ဖွဲ့ကလည်း သွားပြောလို့ရှိရင် ဒါ ကျွန်တော်တို့ တစ်ဖွဲ့တည်းလည်း ထိန်းလို့ မနိုင်ပါဘူးဆိုတဲ့အဖြေမျိုးနဲ့ပဲ ပြီးသွားပြီး နောက်ဆုံး မီးလောင်တဲ့အခါကျတော့မှပဲ ဇာတ်လမ်းက ရှင်းသွားတဲ့ သဘောလေးတွေ ရှိပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေနဲ့လည်းပဲ ပြတ်ပြတ်သားသား လုပ်သင့်လုပ်ထိုက်၊ လုပ်နိုင်တဲ့အနေအထားရှိအောင် တာဝန်ခွဲဝေမှုအပိုင်းလေး တွေမှာ ပြတ်ပြတ်သားသားဖြစ်အောင် ဒါဝန်ကြီးဌာနအနေနဲ့ စီစဥ်ထားရင်၊ လုပ်ထားပေးရင်ကောင်း မယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်။ ဒါအကျဥ်းဦးစီးဌာန အနေနဲ့ကတော့ ကျွန်တော်တို့ တစ်ချိန် တုန်းက ဒါ အင်မတန်ကို နာမည်ဆိုး ရှိခဲ့တဲ့နေရာလည်း ဖြစ်ခဲ့ပါတယ်။

ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ ကိုယ်တိုင်ထောင်တစ်ခုမှာ ဆိုလို့ရှိရင် တွေ့ခဲ့ရတဲ့ ပြဿနာ ထောင်ထဲမှာ တော်တော်ချမ်းသာတဲ့ လူတစ်ယောက်က ရောက်လာပြီးတော့မှ ထောင်ကို၊ ထောင်သားတွေကို ကျွေးတယ်၊ မွေးတယ်၊ စောင့်ရှောက်တယ်၊ ထောင်ပိုင်ကိုလည်းပဲ ပေးတယ်၊ ကမ်း တယ်။ နောက်ဆုံးပိတ် သူကိုယ်တိုင်ကလည်း အပြင်မှာပဲနေတယ်။ ထောင်ထဲမှာ မနေပါဘူး။ ဒါကို ကျွန်တော်တို့ ထိန်းထိန်းသိမ်းသိမ်းလုပ်ရင်းနဲ့ နောက်ဆုံးပိတ်တော့ ထောင်ပိုင်နဲ့ ထောင်မှူးသာ ထောင်ပြန်ကျသွားတဲ့သဘောမျိုး ဖြစ်သွားပါတယ်။ ကနေ့ဒါတွေလည်းပဲ ကျွန်တော်တို့ ရှိနေသေးတဲ့ အတွက် ကျွန်တော်တင်ပြချင်တာက ဒီပြည်ထဲရေးဝန်ကြီးဌာနမှာရှိတဲ့ ဒီဦးစီးဌာနကြီး(၅)ခုဟာ တာဝန် တွေ၊ လုပ်ငန်းတွေအင်မတန်လည်းများပါတယ်။ အုပ်ချုပ်ရေးပိုင်းရော၊ လုံခြုံရေးပိုင်းရောကို အင်မတန် တာဝန်ရှိတဲ့ ဌာနကြီးတွေ ဖြစ်တဲ့အတွက် ဒီများပြားလှတဲ့ တာဝန်တွေကို ကျွန်တော်တို့ ကနေ့သွားနေတဲ့ နှုန်းထားနဲ့ပဲသွားမလား၊ တာဝန်ခွဲဝေမှုအပိုင်းတွေကို ပြုပြင်ပြောင်းလဲပေးပြီးတော့မှ ဒါ မသွားကြတော့ ဘူးလား၊ ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ တော်တော်လေးကို ဒုက္ခရောက်နိုင်ပါတယ်။

ဒါ တစ်ချိန်တုန်းက မီးသတ်ဦးစီးဌာနတို့၊ ဘာတို့ဆိုတာ ကျွန်တော်တို့ တွေ့ခဲ့ဖူးတာတော့ လူမှုဝန်ထမ်းနဲ့ ပြန်လည်ကယ်ဆယ်နေရာချထားရေးဝန်ကြီးဌာနမှာ ရှိခဲ့ဖူးပါတယ်။ ဒါကျွန်တော် ဝန်ကြီးဌာနတွေ ပြန်ပြောင်းဖို့ ပြောတာမဟုတ်ပါဘူး။ သို့သော် ကနေ့ဖြစ်နေတာ အောက်ခြေမှာ ကြိုးနီစနစ်တွေလည်း တော်တော်လေးများနေတဲ့ သဘောပါ။ အဆင့်ဆင့်၊ အဆင့်ဆင့် ကျွန်တော် တို့က သွားနေရပါတယ်။ ဥပမာအားဖြင့် လုပ်ငန်းတစ်ခုအတွက် ကနေ့ ကျေးရွာအုပ်ချုပ်ရေးမှူး အဆင့်အထိ ဆင်းပြီးတော့ လက်မှတ်ယူရပါတယ်။ သူ့လက်မှတ်ကတစ်ဆင့် တစ်ခါမြို့နယ်က ဌာနဆိုင်ရာလက်မှတ်၊ တစ်ခါမြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပြီးတဲ့အခါကျတော့ တစ်ခါ

ဝန်ကြီးဌာနရဲ့ ဦးစီးဌာနကို တစ်ခါပြန်ပြေး၊ အဲဒီကမှတစ်ခါ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး ကတစ်ခါ သူ့ဆီကပြီးတော့ ခရိုင်အဆင့်ဆင့်သော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အဲဒါပြီးတော့မှ တစ်ခါ အခုန သက်ဆိုင်တဲ့ဌာနကို ပြန်ရောက်၊ အဲဒီကမှတစ်ခါ တိုင်း၊ တိုင်းကနေမှတစ်ခါ ကျွန်တော်တို့အစိုးရ အဖွဲ့ဆိုတော့ လုပ်ငန်းတွေတော်တော်များများကလည်း ဆင့်ကဲဆင့်ကဲနဲ့ ကြိုးနီစနစ်တွေ တော်တော်လေး များနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ များပြားသောတာဝန်များကို ခွဲဝေပေးရန် အစီအစဥ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည် ဖြေကြားပေးဖို့အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးနှစ်ဦး မေးမြန်းတဲ့မေးခွန်းအပေါ် ကျွန်တော် ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကယားပြည်နယ်၊ အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ရဲ့မေးခွန်းအပေါ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကယားပြည်နယ် မယ်စဲ့မြို့နယ်မှာ မြို့(၁)မြို့၊ ရပ်ကွက်(၂)ရပ်ကွက်၊ ကျေးရွာအုပ်စု(၄)အုပ်စု နဲ့ ကျေးရွာ(၁၂)ရွာဖြင့် ဖွဲ့စည်းထားရှိပြီးတော့ အိမ်ခြေ(၁၀၂၇)လုံး၊ အိမ်ထောင်စု(၁၀၂၇)စု စုစုပေါင်း လူဦးရေ (၄၆၈၈)ဦး နေထိုင်လျက်ရှိပါတယ်။ မယ်စဲ့မြို့နယ်အတွင်းမှာရှိတဲ့ ကြယ်တံခွန်အုပ်စုဟာ နန်းမန်း ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၀၇ ခုနှစ်မှစတင်ပြီးတော့ အခြေချနေထိုင်ခဲ့ကြောင်းသိရှိရပါတယ်။ အဆိုပါအိမ်စုဟာ ကြယ်တံခွန် အထက်အဖြစ် အိမ်ခြေ(၁၀)လုံး၊ အိမ်ထောင်စု(၁၀)စု၊ လူဦးရေ(၅၈)ဦးနဲ့ ကြယ်တံခွန်အောက်အဖြစ် အိမ်ခြေ(၁၄)လုံး၊ အိမ်ထောင်စု(၁၄)စု၊ လူဦးရေ(၇၃)ဦးဖြစ်၍ စုစုပေါင်း အိမ်ခြေ(၂၄)လုံး၊ အိမ်ထောင်စု (၂၄)စု စုစုပေါင်းလူဦးရေ(၁၃၁)ဦး နေထိုင်လျက်ရှိကြောင်း စိစစ်သိရှိ ရပါတယ်။ ကြယ်တံခွန်အုပ်စုဟာ သွားလာရန်ခက်ခဲသော ဒေသဖြစ်ပြီး မယ်စဲ့မြို့နဲ့(၁၂၄)မိုင်၊ ဘောလခဲ မြို့နယ်၊ ရွာသစ်မြို့နဲ့ (၄၂)မိုင် ကွာဝေးကြောင်းကို သိရှိရပါတယ်။ အလားတူ ဟိုမန်းတဲစုဟာ နန်းမန်း ကြိုးပြင်ကာကွယ်တောအတွင်း တည်ရှိပြီး တဲ(၃)လုံးဆောက်လုပ်ထားကာ စိုက်ပျိုးရေးရာသီချိန်တွင် ကျား(၃)ဦး၊ မ(၁)ဦး စုစုပေါင်း (၄)ဦးလာရောက်နေထိုင်လျက်ရှိပါတယ်။ ဟိုမန်းတဲစုသည် မယ်စဲ့မြို့ နဲ့(၂၁)မိုင်ကွာဝေးလျက်ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာအုပ်စု၊ ရပ်ကွက်/မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန်သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ၍ နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်ရာ မြို့ ရွာပြင်ဆင်ဖွဲ့စည်းရေးကိစ္စရပ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတရုံးမှ ပြည်ထဲရေးဝန်ကြီးဌာနသို့ သဘောထား ပြန်လည်တင်ပြရန် ညွှန်ကြားလာပါက စိစစ်၍ ပြန်လည်တင်ပြဆောင်ရွက်ရပါတယ်။ ထို့နောက် မြို့၊ ရွာ ပြင်ဆင်ရေးလုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော်သမ္မတရုံး၊ လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးသို့ အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပါက မြို့၊ ရွာ ပြင်ဆင် ဖွဲ့စည်းခြင်းအား အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။

ကြယ်တံခွန်အုပ်စုနှင့် ဟိုမန်းတဲစုတို့သည် အိမ်ခြေ၊ အိမ်ထောင်စု အနည်းငယ်သာရှိခြင်း၊ ဟိုမန်းတဲစုသည် စိုက်ပျိုးရာသီအချိန်တွင်သာ သွားရောက်နေထိုင်ခြင်းတို့အပြင် အဆိုပါတဲအိမ်စုများ သည် နန်းမန်းကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်လျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောမြေအဖြစ် ပယ်ဖျက်ထားခြင်းမရှိသေးခြင်းတို့ကြောင့် လက်ရှိ အခြေအနေအရ ကြယ်တံခွန်အုပ်စုနှင့် ဟိုမန်းတဲစုများအား မယ်စဲ့မြို့နယ်အတွင်း ကျေးရွာအုပ်စုအတွင်း ထည့်သွင်းဖွဲ့စည်းပေးရန် အစီအစဉ်မရှိကြောင်းသိရှိရပါတယ်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက် ယူခြင်းလုပ်ငန်းကို ၃၀-၃-၂၀၁၄ ရက်နေ့မှ ၁၀-၄-၂၀၁၄ ရက်နေ့အထိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်း တစ်ချိန်တည်း ကောက်ယူခဲ့ပြီးဖြစ်ပါတယ်။ ကြယ်တံခွန်တဲအုပ်စုရဲ့ အိမ်ထောင်စု (၂၄)စုသည် ဒီမော့ဆိုမြို့နယ်မှ (၁၃)စု၊ ဖယ်ခုံမြို့နယ်မှ (၇)စု၊ ရွာသစ်မြို့မှ (၂)စု၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်မှ (၁)စု၊ ကချင်ပြည်နယ်မှ (၁)စု တို့ဖြစ်ကြောင်း သိရှိရပြီး အဆိုပါအိမ်ထောင်စုများ အနေဖြင့် မယ်စဲ့မြို့နယ်အတွင်း အခြေချနေထိုင်မည်ဆိုပါက ၎င်းတို့ ယခင်နေထိုင်ခဲ့သော မြို့နယ်များမှ လိပ်စာနဲ့မှတ်ပုံတင်ထားသော အကြောင်းအရာတစ်ခုခု ပြောင်းလဲပေးရန်အတွက် အစီရင်ခံစာပုံစံ ၁၀ အား ထုတ်ယူ၍ မယ်စဲ့မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးတွင် မယ်စဲ့ မြို့နယ် အိမ်ထောင်စုလူဦးရေစာရင်းအား ဆောင်ရွက်ရမည် ဖြစ်ကြောင်းသိရှိရပါတယ်။

ကြယ်တံခွန်တဲအုပ်စုရဲ့လူဦးရေ(၁၃၁)ဦးအနက် အသက်(၁၈)နှစ်အောက် (၅၆)ဦး၊ အသက် (၁၈)နှစ်အထက် (၇၅)ဦးရှိကြောင်းသိရှိရပါတယ်။ အသက်(၁၈)နှစ်အထက်(၇၅)ဦးအနက်မှ နိုင်ငံသား စိစစ်ရေးကတ်ပြားရရှိပြီးသူ(၄၇)ဦးရှိတဲ့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရန် (၂၈)ဦးကျန်ရှိ ကြောင်း သိရှိရပါတယ်။ အဆိုပါကျန်ရှိသော သူများအနေဖြင့် ၎င်းတို့မူလနေထိုင်ခဲ့တဲ့ မြို့နယ်များမှ ပုံစံ ၁၀ ထုတ်ယူ၍ မယ်စဲ့မြို့နယ် အိမ်ထောင်စုလူဦးရေစာရင်းအားရယူပြီးပါက မယ်စဲ့မြို့တွင် နိုင်ငံသား စိစစ်ရေး ကတ်လုပ်ဆောင်နိုင်ပြီ ဖြစ်ကြောင်း သိရှိရပါတယ်။

ကြယ်တံခွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုးအခြေခံမူလတန်းကျောင်းခွဲကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင် ဖွင့်လှစ်ခဲ့ပြီး မူလတန်းပြ နေ့စားလစာပေး ဆရာမ(၂)ဦး ခန့်အပ်ထားရှိပါတယ်။

အဆိုပါစာသင်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ (၂၅)ဦး ပညာသင်ကြားလျက်ရှိပြီး စာသင်ကျောင်း၏စီမံအုပ်ချုပ်မှုကို မယ်စဲ့မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအားအခမဲ့ ပညာသင်ကြားခွင့်များရရှိရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရပါတယ်။ ကြယ်တံခွန်အုပ်စုတွင် နေထိုင်သော အိမ်ထောင်စုများအတွက် ကာကွယ်ဆေးထိုးခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းစသည့် ကျန်းမာရေး ပညာပေးစောင့်ရှောက်မှု လုပ်ငန်းများအား ဘောလခဲမြို့နယ်၊ ရွာသစ်တိုက်နယ်ဆေးရုံ၏ကျန်းမာရေးစီမံချက်ပါအတိုင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ကယားပြည်နယ်အတွင်း ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများတာဝန်အရ ခရီးသွားလာမှုများအတွက်ကို ခရီးစရိတ်များအား မြန်မာနိုင်ငံခရီးစရိတ် နည်းဥပဒေများနှင့် အညီ ထုတ်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းခရီးစရိတ်အနေဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ငွေကျပ်(၅.၀၃၂၀) သန်း၊ ပြည်နယ်ပညာရေးဦးစီးဌာနမှငွေကျပ်(၄၃.၃၁၁)သန်း၊ ကယားပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာန(၂၃)ခုမှ ငွေကျပ်(၈၃.၂၇၁) သန်း လျာထားသုံးစွဲလျက်ရှိကြောင်း နှင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင်လည်း ကယားပြည်နယ်ဌာန(၂၂)ခု၏ ပြည်တွင်းခရီးစရိတ်အား ငွေကျပ်(၈၇.၈၅၄) သန်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက်ရဲ့မေးခွန်းအပေါ် ကျွန်တော်က ဆက်လက်ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အုပ်ချုပ်ခဲ့သော ဖဆပလအစိုးရလက်ထက်မှာ ပြည်ထဲရေးဝန်ကြီးဌာနအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာန၊ မီးသတ်ဌာနနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ၁၅-၃-၁၉၇၂ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်သို့ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း၊ သတင်းနှင့် စာပေစိစစ် ထောက်လှမ်းရေးသုတေသနနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့တို့ကိုလည်း ဖြည့်စွက်ဖွဲ့စည်းပေးခဲ့ပါတယ်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်၊ ၁၉၇၄ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလမှာ ပြည်ထဲရေးဝန်ကြီးဌာနကို အကျဉ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန၊ ပြည်သူ့ဝန်ထမ်းရေးရာဦးစီးဌာနနဲ့ သာသနာရေးဦးစီးဌာနတို့အား ထပ်မံထည့်သွင်း၍ ဖွဲ့စည်းခဲ့ပါတယ်။

ယင်းနောက် ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ပြည်သူ့ဝန်ထမ်းရေးရာဦးစီးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံတော်ကောင်စီရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ အလားတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနမှ ခွဲထွက်၍ သီးခြားဖွဲ့စည်းပေးခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်၊ ဇွန်လမှာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနသို့ ထည့်သွင်း၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနရှိ မီးသတ်ဦးစီးဌာနကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ၂၁-၃-၁၉၉၂ ခုနှစ်မှာ သာသနာရေးဦးစီးဌာနနှင့် သာသနာ

တော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတို့ကို သာသနာရေးဝန်ကြီးဌာနသို့လည်းကောင်း ပြောင်းရွှေ့ဖွဲ့စည်းခဲ့ပါတယ်။၁၉-၆-၁၉၉၅ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအဖြစ် သီးခြားပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ သို့ရာတွင် ၆-၁၁-၂၀၁၄ ရက်နေ့မှာတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မီးသတ်ဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည်ပြောင်းရွှေ့ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ယခုအခါမှာ ပြည်ထဲရေးဝန်ကြီးဌာနအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနဲ့ မီးသတ်ဦးစီးဌာနတို့ ပါဝင်သော တပ်ဖွဲ့၊ ဦးစီးဌာန (၅)ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး လုပ်ငန်းတာဝန်ကြီး (၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနမှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ နေပြည်တော်ရုံး(၁)ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်ရုံး(၁၄)ရုံး၊ ပြည်နယ်ဒုတိယရုံး(၂)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းရုံး(၁)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး(၅)ရုံး၊ ခရိုင်ရုံး(၇၂)ရုံး၊ မြို့နယ်ရုံး (၃၃၀)ရုံး၊ မြို့နယ်အုပ်ချုပ်ရေးရုံး(၁၂၀)ရုံး၊ ရပ်ကွက်/ကျေးရွာ အုပ်စုရုံး(၁၆၇၅၉) ရုံးတို့ဖြင့် အဆင့်ဆင့်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်ရာမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့များ ဖွဲ့စည်းရာတွင် ပြည်သူမှ ရွေးချယ်သော ကိုယ်စားလှယ်များဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ အရ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည် ဟု ပြဋ္ဌာန်းထားတဲ့အတွက် ခရိုင်နှင့် မြို့နယ်များတွင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးများသည် ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၀ အရ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၃ အရ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၇ အရ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြီးအမှူးသည် နေပြည်တော်ကောင်စီ အတွင်းရေးမှူး အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။

သက်ဆိုင်ရာအဆင့်အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးအမှူးများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများဖြစ်သော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို

အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသူများ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ကြီးကြပ် ဆောင်ရွက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ၊ ခရိုင်၊ မြို့နယ်များ ရဲ့ အုပ်ချုပ်ရေးလုပ်ငန်းတွင် ဝင်ရောက်ကြီးကြပ်လမ်းညွှန်ခြင်းမရှိဘဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ၏ ပင်မလုပ်ငန်း တာဝန်များကိုသာ ကြီးကြပ်လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ လုပ်ငန်း လိုအပ်ချက်များ အပေါ်မှာ အခြေခံကာ သက်ဆိုင်ရာတာဝန်များထမ်းဆောင်နိုင်ဖို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး ရဲတပ်ဖွဲ့၊ မူးယစ် ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့များကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပြီးတော့ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (၄)ခုကိုလည်း ဖွဲ့စည်းပြီး ရခိုင်ပြည်နယ် အတွင်း တာဝန်ထမ်းဆောင်စေလျက်ရှိပါတယ်။ ယခင်က ဖွဲ့စည်းထားတဲ့ ရဲတပ်ရင်း(၁၂)ရင်းကိုလည်း လုံခြုံရေးရဲတပ်ဖွဲ့ခွဲများအဖြစ် အမည်ပြောင်းလဲခဲ့ပြီး လုံခြုံရေးရဲတပ်ဖွဲ့ ကွပ်ကဲမှုအဖွဲ့(၄)ဖွဲ့နဲ့ ၎င်းအောက် မှာရှိတဲ့ လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ(၄၀)ကိုလည်း တိုးချဲ့ဖွဲ့စည်းကာ ပြည်တွင်းလုံခြုံရေး တာဝန်များကို ထမ်းဆောင်စေလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များတွင် တိုင်းဒေသကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့(၁၅)ခု၊ ခရိုင်ရဲတပ်ဖွဲ့(၇၃)ခု၊ မြို့နယ်ရဲတပ်ဖွဲ့(၃၃၀)ခု၊ မြို့မရဲစခန်း(၃၃၀)ခု၊ နယ်မြေရဲစခန်း (၅၁၀)ခု၊ ရဲကင်းစခန်း(၄၁၁)ခု တို့ဖြင့် စုဖွဲ့ထားရှိပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲအရာရှိသင်တန်းကျောင်း(၁)ကျောင်း၊ ရဲအရာရှိလေ့ကျင့်ရေး (၁)ကျောင်း၊ ရဲအကြပ် အတတ်သင် သင်တန်းကျောင်း(၁)ကျောင်းနှင့် ရဲလေ့ကျင့်ရေးကျောင်း (၄)ကျောင်းတို့ဖြင့် စုဖွဲ့ထားရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာအဆင့်မီ စွမ်းရည်ပြည့်ဝ စေရန်အတွက် နိုင်ငံတကာရှိ ရဲတပ်ဖွဲ့များ၏ ဖွဲ့စည်းထားရှိမှု၊ တာဝန်ထမ်းဆောင်နေမှုနှင့် ရဲတာဝန် ဝတ္တရားများကို လေ့လာစေပြီး မိမိနိုင်ငံနှင့် ကိုက်ညီသည့်ခေတ်မီ ရဲတပ်ဖွဲ့အဖြစ်ပြောင်းလဲ တိုးချဲ့ဖွဲ့စည်း လျက်ရှိပါတယ်။ ဥရောပသမဂ္ဂ(EU)မှ အကြမ်းဖက်မှု စုံစမ်းစစ်ဆေးတိုက်ဖျက်ရေးသင်တန်း၊ အကြမ်းဖက် လူအုပ်စု ကိုင်တွယ်ထိန်းသိမ်းရေးနှင့် ဆက်နွယ်သော ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် သင်တန်း၊ အရေးပေါ်အခြေအနေ တုံ့ပြန်မှုသင်တန်း၊ လုံခြုံရေးဆိုင်ရာ အားနည်းချက်များအပေါ် လေ့လာ ဆန်းစစ်မှု ပြုလုပ်သည့်သင်တန်း၊ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း စနစ်သင်တန်းစတဲ့သင်တန်းများ အပါအဝင် သင်တန်း အမျိုးအစား(၂၆)ခုကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။ (EU) မှ ပို့ချတဲ့ ပြည်သူ့ ဗဟိုပြု ရဲလုပ်ငန်းစနစ်သင်တန်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့မှာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၁၃-၁-၂၀၁၄ ရက်နေ့မှ ၃၀-၁-၂၀၁၅ ရက်နေ့အထိ ရဲတပ်ဖွဲ့(၂၄၂)ဦး တက်ရောက်ခဲ့ပြီး ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချလျက်ရှိပါတယ်။

ပြည်ပနိုင်ငံ(၁၁)နိုင်ငံတွင် သင်တန်းအမျိုးအစား(၈၁)ခုကို တပ်ဖွဲ့ဝင်(၄၇၉)ဦး စေလွှတ်တက်ရောက်စေခဲ့ပြီး ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံများသို့လည်း တပ်ဖွဲ့ဝင်(၈)ဦးအား Crowd Management နှင့် ပတ်သက်သည့် လေ့လာရေးခရီးစဥ်များကိုလည်း စေလွှတ်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့လည်း စွမ်းရည်မြှင့်သင်တန်းများ တက်ရောက်စေရန် တပ်ဖွဲ့ဝင်(၈၂)ဦးကိုလည်း စေလွှတ်သင်ကြားစေလျက် ရှိပါတယ်။ ရဲတပ်ဖွဲ့ဝင်များရဲ့ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်ပြီး ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ကျင့်သုံးဆောင်ရွက်လျက်ရှိရာ တာဝန်ဆောင်ရွက်နိုင်မှု အရည်အချင်းအလိုက် ရာထူးတိုးမြှင့်ရာမှာ ထူးထူးခြားခြားချီးမြှင့်ထိုက်တဲ့ တာဝန်တစ်ရပ်ကို ဆောင်ရွက်နိုင်သူ၊ ထူးချွန်ပြောင်မြောက်ပြီး ကျေပွန်အောင်ဆောင်ရွက်နိုင်သူများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ် ဦးဆောင်တဲ့ ဆုချီးမြှင့်ရေးအဖွဲ့က စိစစ်ပြီး ရာထူးတိုးမြှင့်ပေးခြင်း၊ လုပ်သက်ဝါစဥ်နဲ့ လိုအပ်တဲ့ အရည်အချင်းမပြည့်မီ သူများကိုတော့ ရာထူးတိုးမြှင့်ပေးရန် အဟန့်အတားဖြစ်နေပါက ဆုချီးမြှင့်ပေးခြင်းဆိုင်ရာများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပုံမှန်ဝတ္တရားများကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်တဲ့ တပ်ဖွဲ့ဝင်များ၊ လုပ်ငန်းတာဝန်များမှာ ထူးချွန်စွာဆောင်ရွက်နိုင်တဲ့ တပ်ဖွဲ့ဝင်များ၊ သူရသတ္တိဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်တဲ့ တပ်ဖွဲ့ဝင်များကို စိစစ်ပြီး စွမ်းရည်ဆိုင်ရာဘွဲ့တံဆိပ်များနဲ့ ဆုများချီးမြှင့်ပေးလျက် ရှိပါတယ်။ စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းများအတွက် ၂၀၁၂ ခုနှစ်မှာ ရဲသူရတံဆိပ်(၁)ဦး၊ ရဲဗလ တံဆိပ်(၂)ဦး၊ ၂၀၁၄ ခုနှစ်မှာ ရဲသီဟတံဆိပ် (၁)ဦး၊ ရဲသူရတံဆိပ်(၄)ဦး၊ ရဲဗလတံဆိပ်(၁)ဦး၊ ရဲကျော်စွာ တံဆိပ်(၁)ဦး၊ ရဲကျော်သူတံဆိပ် (၄)ဦးတို့ကို ချီးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။

အရည်အချင်းညံ့ဖျင်းသူ၊ တာဝန်မကျေပွန်သူ၊ ပြည်သူကို မထီမဲ့မြင်ပြုမူ ပြုလုပ်တဲ့ တပ်ဖွဲ့ဝင်များကိုလည်း ပြတ်သားစွာအရေးယူခြင်း၊ တပ်ဖွဲ့မှ ထုတ်ပယ်ခြင်းစတဲ့ အပြစ်ပေးအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ်မတ်လ(၁၅)ရက်နေ့အထိ ရဲတပ်ဖွဲ့ဝင်များ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှု၊ ဥပဒေချိုးဖောက်မှုများကို ကျူးလွန်တဲ့အတွက် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် (၅၉၂၄)မှု နဲ့ နယ်ဘက်တရားရုံးတွင် စစ်ဆေးမှု(၆၁)မှု၊ စုစုပေါင်း(၅၉၈၅)မှု အား အရေးယူဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါအမှုများတွင် အရာရှိ(၈၇)ဦး၊ အခြားအဆင့် (၂၀၉၂)ဦးတို့ကို ထောင်ကျပြစ်ဒဏ်၊ အရာရှိ(၁၀၈)ဦး၊ အခြားအဆင့် (၂၅၂)ဦးတို့ကို ရဲတပ်ဖွဲ့မှ ထုတ်ပယ်တဲ့ ပြစ်ဒဏ်၊ အရာရှိ(၃၃၂)ဦး၊ အခြားအဆင့်(၇၁၀)ဦးတို့ကို ရာထူးအဆင့်လျှော့ချသည့် ပြစ်ဒဏ်၊ အရာရှိ (၁၆၂၆)ဦးနဲ့ အခြားအဆင့်(၂၆၂၁)ဦးတို့ကို အခြားပြစ်ဒဏ်၊ စုစုပေါင်းအရာရှိ(၂၁၅၃)ဦးနှင့် အခြားအဆင့်(၅၆၇၅)ဦးတို့ကို အသီးသီးအရေးယူအပြစ်ပေးခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ရဲအက်ဥပဒေ၊ ရဲလက်စွဲ၊ တည်မြဲအမိန့်များ၊ သီးခြားညွှန်ကြားချက်များဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲလျက်ရှိတဲ့အပြင် ရဲကျင့်ဝတ်အပါး(၇၀)နှင့် ဆောင်ရန်၊ ရှောင်ရန်များကို သတ်မှတ်ထားပြီး ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေတို့ဖြင့် ထိန်းကျောင်းလျက်ရှိပါတယ်။ ပြဌာန်းအပ်နှင်းထားတဲ့ တာဝန်များကို ရဲချုပ်မှ ရဲတပ်သားအဆင့်အထိ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲသောစနစ်ဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ တည်မြဲအမိန့်များ၊ သီးခြားညွှန်ကြားချက်များ ထုတ်ပြန်ပြီးတော့လည်း လိုက်နာဆောင်ရွက်စေ လျက်ရှိပါတယ်။ ရဲလက်စွဲမှာ ရဲချုပ်မှ ရဲတပ်သားအဆင့်အထိ ကိုယ်စီတာဝန်များကို ပြဌာန်းထားပြီး ပြောင်းလဲတိုးတက်လာတဲ့ တပ်ဖွဲ့များ၊ ဌာနများရှိလာတဲ့အတွက် ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များရဲ့ ကိုယ်စီတာဝန်များကိုလည်း ရေးဆွဲထုတ်ပြန်ထားရှိပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်

ကွပ်ကဲမှုအောက်မှာ တည်ရှိသော်လည်း ရဲတပ်ဖွဲ့အား စီမံကွပ်ကဲရာတွင် လူတစ်ဦးတစ်ယောက်ရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နဲ့ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအရ ကြီးကြပ်စီမံကွပ်ကဲခြင်း ကြောင်း တင်ပြအပ်ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဟာ စီးပွားရေးဆိုင်ရာ ပြစ်မှုများ စုံစမ်းဖော်ထုတ် အရေးယူရေး၊ အဂတိလိုက်စားမှုများအား စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေးသတင်းများ စုဆောင်းတင်ပြရေး၊ ပြည်သူအကျိုးပြုဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၁-၉-၁၉၅၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၄-၁၀-၁၉၅၁ ရက်နေ့တွင် တိုင်းပြု ပြည်ပြုလွှတ်တော်မှ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အမည်သို့ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ ယခုအခါမှာ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နဲ့ အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ခေတ်ကာလနှင့်အညီ ကိုက်ညီစေရန်အတွက် ဥပဒေမူကြမ်းများ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် နေပြည်တော်ရှိ ညွှန်ကြားရေးမှူးချုပ်ရုံး၏ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ ညွှန်ကြားရေးမှူးများ ဦးစီးသည့် ဌာနကြီး(၆)ခုနဲ့ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၁၅)ရုံးတို့ဖြင့် တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ ယင်းအပြင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီးနောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအား တာဝန်ပေးဆောင်ရွက်စေနိုင်ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဟာ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် ရှိသော်လည်း ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ စုံစမ်းစစ်ဆေးမှုများကို ဘက်လိုက်မှုမရှိဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ စနစ်တကျဆောင်ရွက်လျက် ရှိပါတယ်။

အကျဉ်းဦးစီးဌာနဟာ လုံခြုံစွာ ထိန်းသိမ်းရေး၊ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်ငန်းများ လေ့ကျင့်ပေးရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်တာဝန် (၄)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အကျဉ်းဦးစီးဌာနဟာ ယခင်ကပင် စနစ်တကျ ဆောင်ရွက်နေသော ဌာနတစ်ခုဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်များ အက်ဥပဒေ၊ ၁၉၀၀ ပြည့်နှစ်၊ အကျဉ်းသားများ အက်ဥပဒေနဲ့ ၁၉၂၀ ပြည့်နှစ်၊ အကျဉ်းသားများ စိစစ်မှတ်ပုံတင်ရေး အက်ဥပဒေတို့ကို ကျင့်သုံးဆောင်ရွက်လျက် ရှိပါတယ်။ ယခုအခါမှာ ယင်း ဥပဒေများကို ခေတ်ကာလနဲ့ ကိုက်ညီစေရန်အတွက် အကျဉ်းထောင်များ ဥပဒေမူကြမ်းအဖြစ် ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။

အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများအပေါ်တွင် ကုလသမဂ္ဂမှ သတ်မှတ်ထားတဲ့ အနိမ့်ဆုံး အဆင့်ထားရှိရတဲ့ အခြေခံစည်းမျဉ်း (၁၈)ချက်နဲ့အညီ ပြုမူဆောင်ရွက်လျက်ရှိပါတယ်။ အကျဉ်းသားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအား ကျန်းမာရေးဝန်ကြီးဌာန AZG ၊ Union Art Supply စတဲ့

အဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနဲ့ ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂမှ သတ်မှတ်ထားတဲ့ အနိမ့်ဆုံးအဆင့် ထားရှိအပ်တဲ့ အခြေခံစည်းမျဉ်းများနဲ့ ညီ/မညီ၊ အကျဉ်းသားများသည် ဥပဒေအရ ခံစားခွင့်ရှိသော အခွင့်အရေးများ ရ/မရ၊ ဝန်ထမ်းများမှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု ရှိ/မရှိ စတဲ့ စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက်ကို ကမ္ဘာ့ကုလသမဂ္ဂမှ အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ အထူးအစီရင်ခံစာ တင်သွင်းသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ICRC တို့အား အကြိမ်ကြိမ်ဝင်ရောက် စစ်ဆေးခွင့်များအား ပြုခဲ့ပြီး ဖြစ်ပါတယ်။

ပြည်တွင်းအဖွဲ့အစည်းများ အနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့များကိုလည်း ဝင်ရောက်စစ်ဆေး လေ့လာခွင့်ပြုခဲ့ပါတယ်။ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများရဲ့ စွမ်းရည်မြင့်မားရေး၊ မိမိအကျဉ်းထောင်များအား အဆင့်အတန်း မြှင့်တင်ရေးအတွက်ကို နိုင်ငံတော်အစိုးရသစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ပြည်ပသင်တန်း (၂)ကြိမ်၊ ပြည်ပအလုပ်ရုံ ဆွေးနွေးပွဲ (၈)ကြိမ်၊ ပြည်တွင်းအလုပ်ရုံ ဆွေးနွေးပွဲ (၃)ကြိမ်တို့ကို ICRC, JICA, ACCFA, UNODC တို့နဲ့ ပူးပေါင်းပြီးတော့ အရာထမ်း(၁၅၀)ဦး၊ အမှုထမ်း (၃၀၀၀) ဦး စုစုပေါင်း အရာထမ်း၊ အမှုထမ်း (၃၁၅၀)ဦးတို့အား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုလည်း ပို့ချပေးခဲ့ပြီး ဖြစ်ပါတယ်။

အကျဉ်းဦးစီးဌာန အနေနဲ့ ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေးအတွက်ကို ဆောင်ရွက်နေသည့်အပြင် ဥပဒေစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်သော ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်များ အက်ဥပဒေများနဲ့အညီ အရေးယူအပြစ်ပေးခဲ့ပါတယ်။ အရေးယူအပြစ်ပေးရာတွင်လည်း ကျူးလွန်မှုအလိုက် တရားစွဲဆိုခြင်း၊ ထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်း၊ ရာထူးအဆင့်လျှော့ချခြင်း၊ ဆုံးရှုံးမှုတန်ဘိုး ပေးလျော်ခြင်း၊ လစာအဆင့်လျှော့ချခြင်း၊ နှစ်တိုးရပ်ဆိုင်းခြင်း၊ စာဖြင့်သတိပေးခြင်း နည်းလမ်းများဖြင့် နိုင်ငံတော်အစိုးရသစ် တာဝန်ထမ်းဆောင်စဉ်မှ ယနေ့အထိ စုစုပေါင်းဝန်ထမ်း (၁၂၁၁) ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနကတော့ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ မီးသတ်ဦးစီးဌာနဟာ အများပြည်သူတို့ရဲ့ အသက်အိုးအိမ်လုံခြုံရေးအတွက်ကို မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်နေသော လုံခြုံရေးဌာနဖြစ်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင် တည်ရှိတာဝန်ထမ်းဆောင်နေခြင်းလည်း ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ယခင်က မီးသတ်စခန်းပေါင်း (၃၄၉)ခုရှိခဲ့ရာမှ ယခုအခါ မြို့နယ်မီးသတ်စခန်း (၃၃၀)၊ နယ်မြေမီးသတ်စခန်း (၄၂၈)ခု၊ စုစုပေါင်းမီးသတ်စခန်း (၇၅၈)ခုအထိ တိုးချဲ့ဖွဲ့စည်းပြီး မီးသတ်ယာဉ် အရေအတွက်နဲ့ ဝန်ထမ်းအင်အားများကိုလည်း တိုးချဲ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ အရန်မီးသတ်တပ်ဖွဲ့ဝင်များနဲ့ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း တိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး လုပ်ငန်း စွမ်းဆောင်ရည်တိုးတက် မြင့်မားရေးအတွက်ကို စီမံခန့်ခွဲမှုသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ ခေတ်မီ Electronics နည်းပညာပစ္စည်းများ တပ်ဆင်ရေးသင်တန်းများကိုလည်း တက်ရောက်စေလျက် ရှိပါတယ်။

အရည်အချင်းပြည့်မီသော တပ်ဖွဲ့ဝင်များကို ပြည်ပနိုင်ငံများသို့ စေလွှတ်ပြီး ဆင့်ပွားသင်တန်းများ ပို့ချခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိကိုင်တွယ်ကျင့်သုံးနေတဲ့ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေအား ခေတ်ကာလနဲ့ ကိုက်ညီစေရန်အတွက် ဥပဒေမူကြမ်းကိုလည်း ပြင်ဆင်ရေးဆွဲပြီး လွှတ်တော်များမှ အတည်ပြုချက်ရရှိရန် တင်ပြဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ မီးသတ်တပ်ဖွဲ့ဥပဒေနဲ့အညီ မီးဘေးလုံခြုံရေးလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု မီးဘေးကာကွယ်ရေး အဆင့်ဆင့်နဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြို့မိမြို့ဖများရဲ့ ကူညီပံ့ပိုးမှုဖြင့် လုပ်ငန်းစဉ်များ ချမှတ်၍ ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ အခန်း(၅)အရ မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ပုဒ်မ ၆ အရ ဗဟိုအဖွဲ့သည် မီးဘေးလုံခြုံရေး အဆင့်ဆင့်ကို သတ်မှတ်ချက်များနဲ့အညီ ဖွဲ့စည်းထားရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းအဖွဲ့မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးဘေးလုံခြုံရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေးအဖွဲ့၊ ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့၊ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့၊ မြို့မီးဘေးလုံခြုံရေးအဖွဲ့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ မီးဘေးလုံခြုံရေးအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီး၊ မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ထားပါတယ်။

ယင်းအဖွဲ့များတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများအား မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ်တာဝန်ပေးအပ်ထားသောကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများမှာ မီးဘေးလုံခြုံရေးကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။ မြို့နယ်၊ ရပ်ကွက်များတွင် စက်သုံးဆီများ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ရောင်းချနေမှုနဲ့ ပတ်သက်ပြီး စက်သုံးဆီ တရားမဝင် ရောင်းချနေကြောင်း တိုင်ကြားစစ်ဆေးမှုများ ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၁၉၃၄ ခု၊ ရေနံအက်ဥပဒေပုဒ်မ ၂၃ (၁)နဲ့ ၂၃ (၂)တို့ဖြင့်လည်းကောင်း၊ ၁၉၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နဲ့ ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့်လည်းကောင်း၊ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ပါတယ်။ ရေနံ အက်ဥပဒေပုဒ်မ ၂၃ (၁)ဖြင့် အရေးယူပါက ရေနံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ဒဏ်ငွေ (၅)သိန်းကျပ်မှ (၅)သန်းကျပ်အထိ လည်းကောင်း၊ အဆိုပါ ဥပဒေပုဒ်မ ၂၃ (၂)အရ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ကျပ်(၁)သန်းမှ (၁၀)သန်းအထိ လည်းကောင်း ဒဏ်ငွေချမှတ်နိုင်ပါတယ်။ အရေးကြီးကုန်စည်နဲ့ ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ ဖြင့် အရေးယူပါက ထောင်ဒဏ် (၆)လမှ (၃) နှစ်အထိ ချမှတ်နိုင်တဲ့အပြင် (၅)သိန်းကျပ်ထက် မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်ပါတယ်။

နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ယခင်အုပ်ချုပ်ရေးစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ပထမအဆင့် (First Wave) လုပ်ငန်းစဉ်အဖြစ် အသွင်ကူးပြောင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒုတိယအဆင့် (Second Wave) အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုပြီးတော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၄)ရပ်ဖြင့် မဟာဗျူဟာလုပ်ငန်းစဉ်များကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များကိုလည်း နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ပါဝင်

ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ (Law Enforcement Body) ဖြစ်တဲ့အတွက် ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တာဝန်များကို နိုင်ငံတော်ရဲ့ ချမှတ်သော မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ တည်ဆဲဥပဒေနဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ တပ်ဖွဲ့၊ ဦးစီးဌာနများ အနေနဲ့လည်း နိုင်ငံတော်လုံခြုံရေး အပါအဝင် လုံခြုံရေးလုပ်ငန်းများ တရားဥပဒေစိုးမိုးရေး၊ ရပ်/ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မိမိတို့တပ်ဖွဲ့၊ ဦးစီးဌာနရဲ့ လုပ်ငန်းသဘာဝများအရ ရည်မှန်းချက်တာဝန်များ ချမှတ်ပြီးတော့ တပ်ဖွဲ့၊ ဦးစီးဌာနများအချင်းချင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အပြန်အလှန် ချိတ်ဆက်ပြီးတော့ အောင်မြင်နိုင်နင်းစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များဟာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတို့မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနဲ့ နေပြည်တော်ကောင်စီရဲ့ အနီးကပ်ကြပ်မတ်အုပ်ချုပ်မှုနဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသူများ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ အဆိုပါ တပ်ဖွဲ့၊ ဦးစီးဌာနများရဲ့ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ထိန်းကျောင်းခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းတို့ကိုသာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ငန်းသဘောအရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ တပ်ဖွဲ့၊ ဦးစီးဌာနများရဲ့ ဝန်ထမ်းလိုအပ်ချက်များအရ ထပ်မံဖြည့်ဆည်းပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကိုသာ ဆောင်ရွက်ပေးလျက်ရှိပြီး၊ တပ်ဖွဲ့၊ ဦးစီးဌာနများရဲ့ ရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုဖြင့်သာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ဟန်ချက်ညီညီ ဖြန့်ခွဲတာဝန်ထမ်းဆောင်လျက်ရှိတဲ့အတွက် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအား သီးခြားဖြန့်ခွဲထုတ်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဝန်ကြီးဖြေသွားနဲ့ ပတ်သက်ပြီး ကျွန်တော် မေးတဲ့မေးခွန်းနဲ့ ဝန်ကြီးဖြေတဲ့မေးခွန်းထဲမှာ မီးသတ်တပ်ဖွဲ့နဲ့ပတ်သက် ကိစ္စလေးတစ်ခုပဲ ကျွန်တော်တည့်တယ်လို့ ထင်ပါတယ်။ ကျန်တဲ့ ကျွန်တော် မေးထားတဲ့ မေးခွန်းက ဝန်ကြီးဖြေသွားတဲ့ အထဲထဲမှာ ဖွဲ့စည်းပုံတွေ၊ လုပ်ငန်းတာဝန်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်နဲ့ညွှန်ကြားချက်တွေအရ လုပ်နေတယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ အဓိက ကျွန်တော်သိချင်တာက မှန်ပါတယ်၊ ဒီအတိုင်းလုပ်နေတယ်။ သို့သော်လည်းပဲ အောက်ခြေမှာ ဒီ အဖွဲ့အစည်းတွေဟာ၊ ဝန်ထမ်းတွေဟာ မနိုင်တာတွေ ဖြစ်နေတယ်။ တာဝန်တွေ သိပ်များလွန်း အားကြီးနေတယ်။ ဝန်ကြီးဌာန အနေနဲ့ရော၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရများအဖွဲ့တွေနဲ့ရော ဘယ်လိုများ ဒီတာဝန်တွေ လျှော့ပေါ့ထမ်းဆောင်ကြမလဲ၊ သို့မဟုတ် ဘယ်လိုခွဲဝေ

မလဲဆိုတာလေးကို ကျွန်တော် သိချင်တာပါ။ ခုန မီးသတ်နဲ့ ပတ်သက်တာဆိုလို့ရှိရင် မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်မီးသတ်နဲ့ ပတ်သက်လို့ ဒါဥက္ကဋ္ဌဆိုတာ ကျွန်တော်သိပါတယ်။

ကျွန်တော် ဒီကိစ္စနဲ့ ပတ်သက်လို့လည်းပဲ ထားဝယ်မြို့မှာ သွားပြီးတော့ရင် ဆွေးနွေးပြီးပါပြီ။ မြို့ထဲမှာ မြို့လယ်ခေါင်၊ ကျွန်တော်တို့ ထားဝယ်မြို့ဟာ (၈)ကြိမ်လောက်ရှိပါပြီ။ မီးကြီးလောင်တာ၊ မီးနဲ့ ပတ်သက်လို့ တော်တော်လန့်ကြပါတယ်။ ကနေ့ဆိုလို့ရှိရင် မြို့က တိုင်းဒေသကြီးမြို့တော် ပြန်ဖြစ်လာတဲ့ အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း တော်တော်လေးရှိလာပါတယ်။ သို့သော်လည်း ခုနပြောတဲ့ စည်းကမ်းပိုင်း ဆိုင်ရာမှာ လောင်စာဆီရောင်းရမယ့်နေရာတွေကို သူတို့ သတ်မှတ်ထားပါတယ်။ သို့သော် အဲဒီနေရာမှာ မရောင်းကြဘဲနဲ့ မြို့လယ်ခေါင်ထဲမှာ ကနေ့ဆိုလို့ရှိရင် ဒါ ပန့်အငယ်စားလေးတွေပေါ့၊ ဂါလံ(၅၀)ဆံ့တဲ့ Small ပန့် လေးတွေပေါ့၊ ဒါလေးတွေနဲ့ မြို့လယ်ခေါင် အိမ်တွေထဲမှာကို ကျွန်တော်တို့ လမ်းဘေးမှာတင် ကို ရောင်းနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်က အဲဒီအစည်းအဝေးမှာ မေးပါတယ်။ ဒါ ကျွန်တော် မေးတဲ့ အကြောင်းအရင်းကလည်း ပြည်ထဲရေးဝန်ကြီးဌာနကို ကျွန်တော် ကြယ်ပွင့်မပြမေးခွန်းတစ်ခုမေး ခဲ့ပါတယ်။

မြို့တွေ၊ ရွာတွေမှာ စည်ပင်သာယာရေးအတွက်၊ မြို့တွေ ကောင်းဖို့အတွက် ဒါတွေ ဒါတွေ ပြဿနာတွေ အများကြီးရှိနေပါတယ်။ လမ်းမီးပွိုင့်ဆုံတွေကအစ မကောင်းတာတွေ၊ မြို့လယ်ခေါင်မှာ ဓာတ်ဆီလောင်စာဆီတွေ ရောင်းနေတာတွေ ကျွန်တော်မေးခဲ့ဖူးပါတယ်။ မေးခဲ့တဲ့အခါမှာ ဝန်ကြီးဌာနက ကျွန်တော်ကို ပြန်ဖြေတာက ဒီ ဝန်ကြီးဌာနတစ်ခုထဲ ကောင်းအောင်လုပ်နေတာထက် တာဝန်ရှိတဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ပူးပေါင်းဆောင်ရွက်ပြီးတော့ရင် ပါဝင်ပေးကြပါ ဆိုလို့ ကျွန်တော်က ဒီ မီးဘေးအန္တရာယ်နဲ့ ပတ်သက်လို့ စိုးရိမ်လို့ ကျွန်တော်က ဒီအစည်းအဝေးလေး ကို ကျွန်တော်တက်ပြီး မေးကြည့်တာပါ။ မေးကြည့်တော့ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းပဲ မီးသတ်ကို လွှဲချပါတယ်။ ကျွန်တော် မီးသတ်ကို တာဝန်ပေးထားတယ်တဲ့ ဒါတွေစစ်ဖို့၊ ဒါတွေ မရောင်းပါနဲ့၊ မီးသတ် ကလည်း မဟုတ်ပါဘူးတဲ့ ကျွန်တော်သွားစစ်တဲ့ အခါကျတော့ ကျွန်တော်တစ်ယောက်ထဲလည်း စစ်လို့ မရပါဘူးတဲ့ဆိုတော့ ဒါဆိုလို့ရှိရင် ခင်ဗျားတို့က ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ ဒါတော့ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမယ်ဆိုလို့ရှိရင် အပေါ်သက်ဆိုင်ရာဝန်ကြီးများကိုပဲ မေးပါဆိုတော့ ကျွန်တော် ဝန်ကြီးချုပ်တက်ပြီးတော့ ကျွန်တော်မေးပါတယ်။ ဝန်ကြီးချုပ် ဒီလိုတော့ ဖြစ်နေပါတယ် ကျွန်တော် အစည်းအဝေးမှာလည်း ဒီလိုပြဿနာနဲ့ တွေ့ပါတယ်ဆိုတော့ ဝန်ကြီးချုပ်ကလည်း အစ်ကို ပြောလိုက် ပါ့မယ်ကွာတဲ့ ဒါဆိုလို့ရှိရင် မရောင်းပါစေနဲ့တော့ ဆိုပြီးတော့၊ သို့သော် ကနေ့အချိန်အထိ ကျွန်တော် ထွက်လာတဲ့ အချိန်အထိ ခုနပြောတဲ့ သိန်း(၂၀)လောက်တန်တဲ့ Small Pump တွေနဲ့ ဒါ မြို့ထဲမှာကို ရောင်းနေတဲ့ အနေအထားမျိုးတွေ ဖြစ်နေကြတယ်။

နောက်တစ်ခုကလည်း ခုနကျွန်တော်ပြောတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့တာဝန်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရဲ့ တာဝန် ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပြီး ပေးထားတာ ကျွန်တော်လက်ခံ ပါတယ်။ သို့သော် ကျွန်တော်ပြောတာက သိပ်တာဝန်တွေများနေပါတယ်။ သိပ်တာဝန်တွေ များလာတဲ့ အခါကျတော့ ခုနပြောသလို လွှမ်းမိုးမှုတွေလည်း များလာပါတယ်။ လုပ်ရကိုင်ရတာတွေ တော်တော်ခက် လာပါတယ်။ ဒါ မြို့နယ် အုပ်ချုပ်ရေးမှူးအဆင့်မှာလည်းပဲ ခုန ဖွဲ့စည်းပုံလေးတောင်မှ ရပ်ကွက်၊ ကျေးရွာ ဖွဲ့စည်းပုံကို မှန်အောင် တည့်ပေးဖို့အတွက်ကို ဆင်းပြီးတော့တောင်မှ သူတို့မှာ အလုပ်မလုပ်နိုင်တဲ့

အနေအထားလေးတွေ ဖြစ်နေ တော့ ဘယ်လောက်အလုပ်တွေ များတယ်ဆိုတာ၊ ပိနေတယ်ဆိုတာ ကျွန်တော်မှန်းလို့ရပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးတွေ ဘယ်လိုများ ဖြေလျှော့ပေးလို့ရမလဲ ဒါကို ကျွန်တော်သိချင်တဲ့အတွက် မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်မြင်တာတော့ ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့မေးခွန်းသည် ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ တာဝန်ဝတ္တရားကို နည်းနည်းလေး ရောထွေးပြီးတော့ မေးတယ်လို့ ကျွန်တော့်အနေနဲ့ နည်းနည်းလေးသုံးသပ်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အခြေခံဥပဒေထဲမှာလည်း ကျွန်တော် တင်ပြဆွေးနွေးခဲ့တဲ့အထဲမှာ ပါပြီးဖြစ်ပါတယ်။ အခြေခံဥပဒေမှာ ကျွန်တော်တို့ ဒီ ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နဲ့ ရပ်ကွက်ကျေးရွာ အဆင့်အထိ တာဝန်ထမ်းဆောင်မယ့် ပုဂ္ဂိုလ်များကတော့ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်နဲ့ ကျွန်တော်တို့ တာဝန်ပေးအပ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခရိုင်နဲ့ မြို့နယ်အဆင့် တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်များကိုတော့ နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပေးအပ်မယ်ဆို ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီမှာလည်း တစ်ခါ စကားရပ်များအစားထိုးခြင်း ဥပဒေအရ ခရိုင်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများကို ဒီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများအဖြစ် လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများအဖြစ်လည်းကောင်း တာဝန်ပေးအပ်မည်လို့ ပါတဲ့အတွက် ခရိုင်နဲ့အဆင့်၊ မြို့နယ်အဆင့်မှာ ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးတာဝန်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန်ယူတဲ့ ဒီပုဂ္ဂိုလ်များ၊ နောက် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အုပ်ချုပ်ရေးတာဝန်ယူတဲ့ ကိစ္စများကိုတော့ ကျွန်တော်တို့ ပြည်ထဲရေးကနေပြီးတော့ ဘယ်မြို့နယ်၊ ဘယ်ရပ်ကွက်မှာတော့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စကို ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ ဒီလိုလုပ်ပါ၊ ဒီလိုကိုင်ပါ၊ ဒီလိုဆောင်ရွက်ပါ ဆိုပြီးတော့ ကျွန်တော်တို့ ပြည်ထဲရေးက တိုက်ရိုက်ညွှန်ကြားတာမရှိပါဘူး။ ကျွန်တော်တို့ အဲဒီဆောင်ရွက်တဲ့ ကိစ္စမှန်သမျှသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့အညီ သူရဲ့ ဒေသဖွံ့ဖြိုးရေးကိစ္စတွေ၊ ဒီ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတွေ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနကတော့ ကျွန်တော်တို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ခုန ကျွန်တော်တင်ပြခဲ့တဲ့ အထဲမှာပါတဲ့ ဝန်ထမ်းရွေးချယ် ခန့်တာတွေ၊ ပြောင်းရွှေ့ပေးတာတွေ၊ သူတို့ရဲ့ သက်သာချောင်ချိရေးကိစ္စတွေကို ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ သက်ဆိုင်တဲ့ ကိစ္စကိုပဲ လုပ်ခြင်းဖြစ်ပါတယ်။ အုပ်ချုပ်ရေးဆိုင်ရာကိစ္စကိုတော့ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေနဲ့ ဒီ ပူးတွဲပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပမာ မြို့နယ်ကျန်းမာရေးဦးစီးမှူးများကို မြို့နယ်အုပ်ချုပ်ရေးမှူးများအဖြစ် တာဝန်ပေးအပ်မည်လို့ပါရင် မြို့နယ်ကျန်းမာရေးဦးစီးများသည် ကျန်းမာရေးဦးစီးမှူး

တာဝန်ရော၊ အုပ်ချုပ်ရေးမှူးတာဝန်ရော ယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူက ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကိစ္စကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ တိုက်ရိုက်လုပ်ပြီးတော့ အုပ်ချုပ်ရေးမှူးတာဝန်ကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ ကျန်းမာရေးဦးစီးမှူးသည် အုပ်ချုပ်ရေးမှူးတာဝန်ပါ ထမ်းဆောင်တဲ့အတွက် သက်ဆိုင်ရာ မြို့နယ်အတွင်းမှာရှိတဲ့ ဝန်ကြီးဌာနအသီးသီးရဲ့ ဒီ ရည်မှန်းချက်တာဝန်တွေ၊ တိုင်းအစိုးရအဖွဲ့ရဲ့ ပေးအပ်တဲ့ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ဒီခုန ကျန်းမာရေးဦးစီးမှူးက အုပ်ချုပ်ရေးမှူးတာဝန်ပါထမ်းဆောင်တဲ့အတွက် သူကတာဝန်ယူပြီး ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် အကောင်အထည်ဖော်ရမှာ ဆောင်ရွက်ရမှာဖြစ်တယ်။ အခုတော့ ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တာဝန်ပေးအပ်တာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ခုန အုပ်ချုပ်ရေးပိုင်းနဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တာဝန်တွေကို ဒီလိုနည်းနည်း မကွဲမပြားနဲ့ မြင်နေတယ်လို့ မြင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအုပ်ချုပ်ရေးဆိုင်ရာကိစ္စကို လုပ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ နောက် တချို့သောကိစ္စရပ်များမှာ တာဝန်တွေများပြားတယ်ဆိုတာ သက်ဆိုင်ရာအစိုးရအဖွဲ့က တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရကို တာဝန်ပေးအပ်ချက်အရ တာဝန်များ များပြားခြင်း ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ တိုင်းအဆင့်မှာဆို၊ ပြည်နယ်အဆင့်မှာဆိုလည်း တိုင်းအုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများသည် အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးတာဝန် ထမ်းဆောင်ပါတယ်။ ဒါပေမယ့် သူ့တာဝန်တွေ ထမ်းဆောင်နေတဲ့ အောက်မှာ ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ရှိတယ်။ နောက် အစိုးရအဖွဲ့ရှိတယ်။ ကျွန်တော်တို့ ဒီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိတယ်။ အဲဒီမှာဆိုလည်း တာဝန်ထမ်းဆောင်တဲ့ အဲဒီညွှန်ကြားရေးမှူးတွေ ခန့်ထားပါတယ်။ လွှတ်တော်မှာဆို လွှတ်တော်ညွှန်ကြားရေးမှူး၊ အစိုးရအဖွဲ့မှာ အစိုးရညွှန်ကြားရေးမှူး၊ နောက် ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး စသည်ဖြင့် ဒီတာဝန်တွေ လည်း ခွဲပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့က သီးခြားအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးကပဲ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ အုပ်ချုပ်ရေးကိစ္စရပ်တွေ၊ ကျန်တဲ့ကိစ္စအဝဝတွေ လာရောက် ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ကြောင်းလည်း ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။

ခုန တချို့သော ကိစ္စရပ်တွေမှာ ကျွန်တော်တို့ မီးသတ်ကိစ္စရပ်နဲ့ ပတ်သက်ပြီးတော့ တင်ပြရရင်တော့ မီးသတ်သည် ကျွန်တော်တို့ဆီကိုရောက်လာတာတော့ လုံခြုံရေးပိုင်းသည် ကျွန်တော်တို့ ပြည်ထဲရေးက တာဝန်ယူတာ ဖြစ်တဲ့အတွက် မီးဘေးလုံခြုံရေးလည်း လုံခြုံရေးအောက်မှာရှိတဲ့အတွက် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်၊ မြို့ရဲ့ ပြည်သူတွေရဲ့ စက်ရုံ၊ အလုပ်ရုံပေါ့၊ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့ တာဝန်ရှိတဲ့အတွက် မီးဘေးလုံခြုံရေးကလည်း လုံခြုံရေးခေါင်းစဉ်အောက်ထဲထည့်တဲ့အတွက် မီးသတ်ဦးစီးဌာနကလည်း ကျွန်တော်တို့ ဝန်ကြီးဌာနအောက်ကို ရောက်ခြင်းဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနမှာ ကျွန်တော်တို့ ဒီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်ကို အုပ်ချုပ်ရေးမှူးများကို တာဝန်ပေးတာ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တာဝန်ပေးတာ မဟုတ်ပါဘူး။ အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးတဲ့အတွက် အုပ်ချုပ်ရေးမှူးက တာဝန်ယူပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဟာသည် အောက်ခြေမှာ ဆောင်ရွက်နေတာ ကျွန်တော်တို့ ပြည်ထဲရေးကပဲ ဝင်ပြီးတော့ အရာအားလုံးကိုဝင်ရောက်စွက်ဖက် ဆောင်ရွက်ခြင်း မဟုတ်ကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုန မေးတဲ့ ဥစ္စာက ကိုယ်သဘောပေါက်တာက (Delegation of Power) ပေါ့၊ ဥပမာ ခရိုင်မြို့၊ ခရိုင်မြို့ဆိုလို့ရှိရင် ခရိုင်တစ်ခုနဲ့တစ်ခု မတူပါဘူး။ အရေးကြီးတဲ့ခရိုင်ဆိုရင် ညွှန်ကြားရေးမှူး အဆင့်လောက်ထားပြီးတော့ သူ့အောက်မှာ ဒုညွှန်တွေ၊ လက်ထောက်ညွှန်တွေ၊ ဦးစီးအရာရှိ တွေ၊ ဖွဲ့စည်းပုံတွေ ချဲ့ပေးလိုက်မယ်ဆိုရင် သူရဲ့လုပ်ငန်းလုပ်ရတာ အဆင်ပြေသွားမယ်။ မြို့နယ်လည်း အလားတူပဲ။ မြို့နယ် တစ်မြို့နယ်နဲ့ တစ်မြို့နယ်မတူဘူး။ အရေးကြီးရင် ကြီးသလို၊ မြို့နယ်ကြီးရင် ကြီး သလို ဒုညွှန်ထားသင့်ရင် ထားမယ်။ သူ့အောက်မှာ လက်ထောက်ညွှန်တွေ၊ ဦးစီးအရာရှိတွေပေါ့၊ လက်ထောက်ညွှန်ပဲ ထားတယ်ဆိုရင်လည်း ဒုဦးစီးတွေ၊ အရာရှိတွေပေါ့နော်၊ ဒီလို ဒါထွေ/အုပ်ကို ပြောတာပါ။ ဒီလိုမေးတာ လို့ ယူဆတယ်။ အခုပြောတာက၊ အဲဒီလိုဆိုလို့ရှိရင် (Chain of Command) ကောင်းပြီးတော့မှ ခြေနိုင် လက်နိုင်ဖြစ်သွားမယ်။ အလားတူပဲ အကျဉ်းဦးစီးဌာနဆိုရင်လည်း အဆင့်မြှင့်တင်ပေးဖို့ပေါ့၊ ဖွဲ့စည်းပုံတွေ ချဲ့ပြီးတော့ အဆင့်မြှင့်တင်ပေးဖို့၊ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေပေးဖို့၊ အဲဒီတော့မှ ဒီလူတွေ ကလည်း ပြတ်ပြတ်သားသား သူ့အဆင့်နဲ့လျော်ညီစွာ တစ်ခါထဲ၊ တစ်ထိုင်ထဲ ဆုံးဖြတ်သွားနိုင်တယ်။ တစ်ထိုင်ထဲ လုပ်ပေးသွားနိုင်တယ်။ အဲဒီလိုတွေပေါ့၊ ဖွဲ့စည်းပုံတွေကို ချဲ့ဖို့ဆိုလိုတယ်လို့ ယူဆတယ် ဟုတ်လား၊ ဦးစိုးသက်။ ဟုတ်တယ်နော်၊ အဲဒီလိုပြောတာ၊ အဲဒီလိုပြောတာ၊ အခုထမ်းဆောင်နေတဲ့ တာဝန်တွေကို ဟိုကိုဝင်ရှုပ်တယ်။ ဒီကိုဝင်ရှုပ်တယ်။ မကျေပွန်ဘူး မပြောဘူး ဟိုက၊ ကျေပွန်တယ် အလုပ်တွေ တအားများနေတဲ့အတွက် နောင်ကိုလည်း ရှေ့လျှောက် ဒီထက်ပိုများနိုင်စရာတွေ အကြောင်းရှိတယ်။ ရှိတဲ့အတွက် ဒါတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ပေး အပ်ရင် ပေးအပ်မယ်။ ဒါအရင်တုန်းက ဒေသန္တရအုပ်ချုပ်ရေး ဥပဒေဆိုပြီး ပြဋ္ဌာန်းတယ်၊ ကျင့်သုံး ကြည့်တယ်။ မအောင်မြင် ဘူး။

ဒါကြောင့်မို့လို့ ဒီခါးဆက်ကို ခရိုင်နဲ့ မြို့နယ်ကို ဝန်ထမ်းပဲ ပေးခဲ့တယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာဆိုတော့ အဲဒီဝန်ထမ်းတွေ နိုင်နိုင်နင်းနင်းဖြစ်အောင်ဆိုရင် (Rate)တွေ မြှင့်သင့်ရင်မြှင့်ပါ။ လက်ထောက်တွေ သူ့ကို အကူအညီပေးမယ့် လက်ထောက်တွေက မြို့ကြီးရင် ကြီးသလို၊ စက်ရုံ၊ အလုပ်ရုံ များရင် များသလို၊ တက္ကသိုလ်၊ ကောလိပ်တွေ များရင်များသလို၊ အခြေအနေအပေါ် မူတည်ပြီးတော့ပေါ့၊ ဖွဲ့စည်းပုံကို (Special) အထူး အထူးမြို့တွေ၊ အထူးဟိုဟာတွေ၊ အဲဒီလို ဆိုလိုတဲ့ ကိစ္စဖြစ်ပါတယ်နော်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီ အစိုးရသစ် တာဝန်ယူပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ဒီ ဖွဲ့စည်းပုံ လည်း ချဲ့ပါတယ်။ ချဲ့တဲ့အခါမှာ အရင်တုန်းကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ဦးစီးအရာရှိများ ဖြစ်ပါတယ်။ အခု မြို့နယ်ဦးစီးအရာရှိများကို ကျွန်တော်တို့ တာဝန်မပေးတော့ဘဲနဲ့ လက်ထောက် ညွှန်ကြားရေးမှူးများကို မြို့နယ်အုပ်ချုပ်ရေးမှူးများ တာဝန်ပေးထားပါတယ်။ နောက် ကျွန်တော်တို့ ခရိုင်အုပ်ချုပ်ရေးမှူးများက ဒုတိယညွှန်ကြားရေးမှူးများ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ အရင်တုန်း က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှာ ညွှန်ကြားရေးမှူးအဆင့်တွေ မရှိပါဘူး။ ကျွန်တော် ခုန တင်ပြခဲ့တဲ့ လွှတ်တော်၊

**ဥက္ကဋ္ဌ။** ။ အဲမြို့နယ်မှာ လက်ညွှန်ပြီးတော့ သူ့ရဲ့ လက်ထောက်ဦးစီးအရာရှိ ဘယ်နှစ်ယောက်ပေးထားလဲ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ သူ့အောက်မှာ ကျွန်တော်တို့ ဦးစီး၊ အရင်တုန်းက မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်တဲ့ ဦးစီးအရာရှိမှူးထိ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးတာဝန်တွေ နောက်လက်ထောက် ဟိုဒင်းတွေ၊ ဒုတိယဟိုဒင်းတွေ အုပ်ချုပ်ရေးမှူးတွေ ဆက်ပြီး တာဝန်ပေးထားပါတယ်။

**ဥက္ကဋ္ဌ။** ။ သူတို့က တစ်ယောက်တည်းဆိုရင် လုံလောက်မှာမဟုတ်ဘူးဆိုတဲ့ သဘောမျိုး ဟုတ်တယ်မဟုတ်လား။ မြို့ကြီးရင်လည်း လက်ညွှန်နဲ့ မရလို့ရှိရင် ဒုညွှန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဒုညွှန် အဆင့်အနေနဲ့ ပေးသင့်ရင်ပေး၊ ပေးနိုင်ရင် ပေးသင့်တယ် ဆိုတဲ့ သဘောပြောတာ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ခင်ဗျ။ တာဝန်ခွဲပေးထားပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်မှာဆို အရင်တုန်းက ဒီတိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်တွေ ပေးထားပါတယ်။ အဲဒီတော့ ဆိုလိုတာက ခုနအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးလမ်းညွှန်သလိုပဲ ဒီ အုပ်ချုပ်ရေးကိစ္စကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်အောင် သက်ဆိုင်ရာအစိုးရအဖွဲ့တွေက ဆောင်ရွက်နိုင်ရန်ဆိုပြီးတော့ ဖွဲ့စည်းပုံ ခုန မြို့နယ်အဆင့်ဆိုလည်း ကျွန်တော်တို့ ဒီဦးစီးမှူးအဆင့်ကနေပြီး၊ အဲဟိုဒင်း ဦးစီးအရာရှိ အဆင့်က နေပြီးတော့ လက်ထောက်ညွှန်ကြားရေးမှူး၊ နောက်လက်ထောက် ညွှန်ကြားရေးမှူးကနေ ဒုညွှန်ကြားရေးမှူးနောက် ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆိုရင်တော့ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တာဝန်တွေ ပေးထားပြီးဖြစ်ပါတယ်။ ဟုတ်ကဲ့ခင်ဗျာ၊ အောက်မှာလည်း ဆင့်ကဲဆင့်ကဲ ဖွဲ့စည်းမှုတွေရှိပါတယ်ခင်ဗျား။ ဟုတ်ကဲ့ခင်ဗျာ၊ အဲလိုလည်း ဆောင်ရွက်ထားပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အဲလိုတစ်ယောက်တည်းပေးလို့မရဘူး။ သူ့ကို ကူညီမယ့် လက်ထောက်တွေက အပိုင်းလိုက်ခွဲပြီးလုပ်နိုင်အောင် ဖွဲ့စည်းပုံစဉ်းစားသင့်တယ်လို့ ဆိုလိုတာ။ ကဲ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၄ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ကျန်ရှိတဲ့ မေးခွန်းများ ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ လွှတ်တော်ကို တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရုံသာမက ဝင်ငွေ တိုးတက်ရရှိပြီး လူနေမှုဘဝများတိုးမြှင့်လာနိုင်သဖြင့် ရေချိုပုစွန် မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်း က ကရင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရုံသာမက ဝင်ငွေတိုးတက်ရရှိပြီး လူနေမှုဘဝများတိုးမြှင့်လာနိုင်သဖြင့် ရေချိုပုစွန်မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့် မေးခွန်းကတော့ ကရင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရုံသာမက ဝင်ငွေတိုးတက်ရရှိပြီး လူနေမှုဘဝများ တိုးမြှင့်လာနိုင်ပါသဖြင့် ရေချိုပုစွန်မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကရင်ပြည်နယ်ကြီးကို ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်၊ ဖာပွန်ခရိုင် ဆိုပြီးတော့ ခရိုင်ရုံးစိုက်တဲ့ (၄)ခရိုင်နဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာတော့ ကျွန်တော်တို့ မြေလွတ်၊ မြေလပ်၊

မြေရိုင်းများ၊ သစ်တောများ၊ ရေနက်ကွင်းများနဲ့ လယ်ယာစိုက်ရင် တွက်ခြေမကိုက်တဲ့ လယ်တွေလည်း အများအပြားရှိနေတာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွင်းမှာ ရေချိုပုစွန်သားဖောက်များ ပေါက်ဖွား နှုန်းများတဲ့နေရာ Spawning ground များရှိကြောင်းနဲ့ ရေချိုပုစွန် သားဖောက်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရှိကြောင်းလည်း လေ့လာသိရှိထားတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်တွင်းမှာတော့ ရေချိုပုစွန်မွေးမြူရေးဇကတင် (၂)သိန်း ကျော်ရှိပြီးတော့ ငါးမွေးမြူရေးဇက(၂)သိန်းကျော်ရှိကြောင်းလည်း လေ့လာသိရှိထားတာဖြစ်ပါတယ်။ ကရင်ပြည်နယ်ဟာ ရေချိုပုစွန် ထွက်ရှိရာဒေသဖြစ်ပြီးတော့ ရေချိုပုစွန်သားဖောက် ထုတ်လုပ်ရေး လုပ်ငန်းတစ်ခု တည်ဆောက်၍ ပုစွန်မွေးမြူရေးကန်များနဲ့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ပေးကာ သားပေါက်များ ဖြန့်ဖြူးပေးနိုင်မယ်ဆိုရင် ရေချိုပုစွန်များ မွေးမြူထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘားအံကနေ၊ ကော့ကရိတ်၊ မြဝတီဖြတ်သွားတဲ့ လမ်းကြောင်းမှာ ဘားအံကနေပြီးတော့ ကျွန်တော်တို့ ကော့ကရိတ်မရောက်ခင်မှာ ကျွန်တော်တို့ ဒီ ဂျိုင်းကော့ကရိတ်တံတားကြီး ရှိပါတယ်။ အဲဒီမှာ ဂျိုင်းမြစ်ကို တည်ဆောက်ထားဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တုန်းက ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဂျိုင်းမြစ်အတွင်းကနေပြီး တော့ ဒီ ရေချိုပုစွန်တွေ၊ ဒေသပုစွန်တွေ အများအပြား ထွက်ရှိတာဖြစ်ပါတယ်။ ပုစွန်တွေလည်း စံချိန်၊ စံညွှန်းမီပြီးတော့ ကျွန်တော်တို့ကော့ကရိတ်မြို့နယ်မှာ ဒီ ကျုံဒိုးမြို့မှာ ပုစွန်အဝယ်ဒိုင်တွေ တည်ထောင် ထားပြီးတော့ ဂျိုင်းကျေးရွာမှာလည်း အဝယ်ဒိုင်တွေ တည်ထောင်ထားတဲ့စနစ်တွေ လုပ်ပြီးတော့မှ တရုတ်နိုင်ငံအထိ တင်ပို့နိုင်တဲ့ အခွင့်အလမ်းကောင်း တွေရှိခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ယခုအခြေအနေကို ပြန်လည်သုံးသပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ဒီဒေသပုစွန်တွေဟာ ရှားပါးလာ ပြီးတော့ ဟို အကောင်လည်းသေးလာပြီး အခြေအနေတွေ လျော့ပါးလာတာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပုစွန်မွေးမြူရေးလုပ်ငန်းအသင်းမှာ အမေရိကန်နိုင်ငံကနေပြီး တော့ ပုစွန်မွေးမြူရေးလုပ်ငန်းများကို သင်ယူခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံသားပညာရှင်တွေရှိကြောင်း လည်း လေ့လာသိရှိရပါတယ်။ ပုစွန်မွေးမြူလိုတဲ့ ကုမ္ပဏီတွေလည်း ရှိတယ်လို့လည်း လေ့လာသိရှိရ ပါတယ်။ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူများကို ပုစွန်မွေးမြူရေးပညာများ သင်ကြား ပေးပြီးတော့ ဒေသခံများကိုယ်တိုင် မွေးမြူရာမှ ထွက်ရှိလာတဲ့ ကုန်ကြမ်းများကို ကုန်စည်ဒိုင် ဖွင့်၍ ဝယ်ယူရောင်းချပေးနိုင်တဲ့ အခြေအနေကောင်းများလည်း ရှိနေပါတယ်။

လက်ရှိအခြေအနေကို ပြန်လည်သုံးသပ်ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြဝတီ၊ ကော့ကရိတ်၊ ဘားအံအပိုင်းမှာ ကျွန်တော်တို့ မြဝတီနဲ့ ကော့ကရိတ်၊ အာရှလမ်းပိုင်း အသစ်ကြီးကလည်း ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ ဖွင့်နိုင်တော့မှာ ဖြစ်ပါတယ်။ မြဝတီနဲ့ ကော့ကရိတ်ကို နာရီဝက်လောက်သွားတဲ့ အခြေ အနေကောင်းများ ရှိနေပါတယ်။ လက်ရှိမှာ ကျွန်တော်တို့ မြဝတီနယ်စပ် ကုန်သွယ်ရေးဂိတ်ကိုလည်း အဆင့်မြှင့်မယ့် အနေအထားတွေရှိနေပါတယ်။ ကျွန်တော်တို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား တစ်စင်း အပြင်ကို နောက်ထပ် အမှတ်(၂) ချစ်ကြည်ရေး တံတားတစ်စင်းကိုလည်း ကျွန်တော်တို့ ထိုင်း ဘတ် သန်းပေါင်း(၃၉၀၀)လောက်နဲ့ ဒါ ကျွန်တော်တို့ ထိုင်းနိုင်ငံက တာဝန်ယူတည်ဆောက်မယ့် အခြေ အနေကို ၂၀၁၅ လောက်မှာ လုပ်မယ်လို့လည်း ကြားသိရတာဖြစ်ပါတယ်။

ဒီလိုတွေ အခြေအနေကောင်းတွေမှာ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာတယ်။ တည်ငြိမ်အေးချမ်းမှုလည်းရှိတဲ့ အခြေအနေကောင်းတွေရှိတယ်လို့ ထပ်မံတင်ပြလိုပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့များ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက နေပြီးတော့ နည်းပညာတွေ၊ မျိုးတွေ၊ အစာတွေနဲ့ အခြားလိုအပ်ချက်တွေကို ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးပြီးတော့ ရေချိုပုစွန် မွေးမြူရေးဇုန်များ တည်ထောင်ပေးမယ်၊ ပုစွန်တစ်မျိုးတည်းကို ထိထိရောက်ရောက်ထုတ်လုပ်နိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်လာမယ်လို့ ယုံကြည်ရင်း တင်ပြနိုင်ပါတယ်။ ကရင်ပြည်နယ်အနေနဲ့ တည်ငြိမ်အေးချမ်းမှုတွေရလာပြီးတော့ ဒေသခံပြည်သူတွေ၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာပြီးတော့ သူတို့ရဲ့ ဝင်ငွေတွေလည်း ပိုမိုတိုးတက်လာကာ လူမှုဘဝများ ရေရှည်တိုးမြင့်လာနိုင်ပြီး၊ ဒေသဖွံ့ဖြိုးရေးနဲ့ ထာဝရငြိမ်းချမ်းရေး အတွက်လည်း အထောက်အကူပြုမယ့် နည်းလမ်းတစ်ခုဖြစ်စ်ပါတယ်။

ကရင်ပြည်နယ်ရဲ့ တောင်ခြမ်းရော၊ မြောက်ခြမ်းမှာရော ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရေနက်ကွင်းတွေရှိတယ်၊ ရေချိုပုစွန်တွေ ထုတ်လုပ်နိုင်တဲ့၊ စိုက်ပျိုးနိုင်တဲ့ လယ်မြေဧကတွေ အများအပြားရှိပါတယ်။ ပွင့်လင်းမြင်သာတဲ့ ဒီမိုကရေစီခေတ်မှာတော့ လယ်ယာမြေကိစ္စတွေ၊အကျပ်အတည်းတွေရှိနေသော်ငြားလည်း ကျွန်တော်တို့ဒေသခံပြည်သူတွေကတော့ ဒီရေချိုပုစွန် မွေးမြူရေးဇုန်တွေကို တည်ဆောက်ပေးဖို့ လိုလိုလားလားရှိနေပါတယ်၊ ကျွန်တော့်အနေနဲ့လည်း လုပ်ငန်းရှင်တွေနဲ့ ပညာရှင်တွေနဲ့ ထိစပ်ပြီးတော့ ဒေသမှာ ကိုယ်တိုင် ကွင်းဆင်းပြီးတော့ ရှာဖွေတွေ့ရှိထားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒါကြောင့် ကရင်ပြည်နယ်အတွင်းမှာ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိရုံသာမက ဝင်ငွေတိုးတက်ရရှိပြီး လူနေမှုဘဝများ တိုးမြင့်လာနိုင်ပါသဖြင့် ရေချိုပုစွန် မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများရဲ့ ကိုယ်စားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် မည်သို့ စီမံပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် မည်သို့စီမံပေးမည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးအားလုံးကို မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပထမအကြိမ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀၁၁ စက်တင်ဘာလ၊ လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်က ချင်းပြည်နယ်ရဲ့ ဆင်းရဲမှုရာခိုင်နှုန်းဟာ (၇၃) ရာခိုင်နှုန်း ဖြစ်နေတဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးမှာ အမြင့်ဆုံးလည်းဖြစ်တဲ့ အတွက်ကြောင့် ချင်းပြည်နယ်ကို တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးဖို့ ကျွန်တော် မေးခွန်း မေးခဲ့ပါတယ်။ အဲဒီအချိန်မှာလည်း အစိုးရကိုယ်စား ဖြေကြားတဲ့သူက ချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ချင်းပြည်နယ်၏ တာဝန်ခံအဖြစ် သီးသန့် တာဝန်ပေးထားကြောင်းနှင့် ချင်းပြည်နယ်ကို အထူးဒေသအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

အဲဒါ ကျွန်တော်တို့ အနေနဲ့တော့ အဲဒီအဖြေကို ဝမ်းသာပါတယ်။ နောက်ပြီးတော့ ဒီအတိုင်းပဲ၊ ယခုအခါမှာ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဆိုလို့ရှိရင် နိုင်ငံတော်အစိုးရက ရွာချင်းဆက်လမ်းများ တူးဖော်ပေးခြင်း၊ စာသင်ကျောင်းများ အသစ်ဖွင့်လှစ်ပေးခြင်း၊ ဆောက်လုပ်ပေးခြင်း၊ ကျေးလက် ကျန်းမာရေးဌာနနဲ့ ဌာနခွဲများ၊ ဆေးရုံများအသစ်ဖွင့်လှစ်ပေးခြင်း၊ ဆောက်လုပ်ပေးခြင်းများကို ဆောင်ရွက်လုပ်ပေးပါတယ်။ သို့သော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီးများဖြစ်တဲ့ တက္ကသိုလ်၊ ကောလိပ်၊ လေယာဉ်ကွင်း၊ ရထားလမ်းစသည်တို့ကတော့ တည်ဆောက်ပေးခဲ့ခြင်း မရှိခဲ့ပါဘူး။

ဒီ မေးခွန်းကတော့ ဥက္ကဋ္ဌကြီး။ ကျွန်တော် လွန်ခဲ့တဲ့ ၂၀၁၄ နိုဝင်ဘာလက တင်ထားတဲ့ မေးခွန်း ဖြစ်တဲ့အတွက်ကြောင့် ရက်၊ လ လည်းကြာနေပြီ ဖြစ်တဲ့အတွက်ကြောင့် ရက်ကာလမှာ အပြောင်းအလဲလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် မေးခွန်းကတော့ မေးခွန်းအတိုင်းပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းတွေကတော့(၄)ခုရှိပါတယ်။ (၁)ကတော့ ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးအတွက် အရေးကြီးတဲ့ ပလက်ဝ-မတူပီ လမ်းမကြီးကို ပါလီမန် ဒီမိုကရေစီခေတ်တုန်းကလည်း ဒီလမ်းကို ဖောက်ဖို့အတွက် အလေးထားဆွေးနွေးသော်လည်း ဖောက်လုပ်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် အစိုးရက ဖောက်လုပ်ပေးနေဆဲ ဖြစ်ပါတယ်။ အဲဒီလမ်းကို မည်မျှပြီးစီးကြောင်း ကျွန်တော် သိချင်ပါတယ်၊ နောက်ပြီးတော့ ဒီလမ်းကို ဒီအစိုးရသက်တမ်းမှာ ပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ နောက်ပြီးတော့ အဲဒီလမ်းက အရေးကြီးတဲ့ လမ်းဖြစ်တဲ့ အတွက်ကြောင့် ချင်းပြည်နယ်အတွက် အနောက်ပိုင်းကနေ၊ အလယ်ပိုင်းကနေ ဟားခါးအထိ ဆက်သွယ်တဲ့ လမ်းမကြီးဖြစ်တဲ့ အတွက်ကြောင့် ဒီလမ်းကို ရာသီမရွေးသုံးနိုင်တဲ့ လမ်းဖြစ်ဖို့ ခိုင်ခံ့အောင်လုပ်ပေးဖို့ အစီအစဉ်ရှိသလား /မရှိဘူးလား၊ နောက် (၂)ကတော့ ချင်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီးများဖြစ်သော တက္ကသိုလ်၊ ကောလိပ်၊ လေယာဉ်ကွင်း၊ ရထားလမ်းစသည်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်မှာ စတင်ရန် ဖြစ်သည်ကို သိလိုပါတယ်။ မရှိပါက ချင်းပြည်နယ်အတွက် အစိုးရက အနစ်နာအရှုံးခံပြီး လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (၃)ကတော့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်တာဝန်ပေးသော ပြည်ထောင်စုဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ဒီအစိုးရသက်တမ်း မကုန်သေးတဲ့ကာလမှာ အဲဒီ ပြည်ထောင်စုဝန်ကြီးကို ဆက်လက်တာဝန်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ နောက်မေးခွန်း(၄) နောက်ဆုံးမေးခွန်းကတော့ ၂၀၁၅ ခုနှစ်သည် အထွေထွေ ရွေးကောက်ပွဲကျင်းပမယ့်နှစ် ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရေးပါတီများ အနိုင်ရရှိရေးအတွက် လှုပ်ရှားမှုအမျိုးမျိုးကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများလည်း အနည်းနှင့်အများ ထိခိုက်နိုင်ပါတယ်။

သို့သော်လည်းပဲ ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် မည်ကဲ့သို့ အစီအစဉ်၊ အစီအမံ ပြုလုပ်ထားသည်ကို သိလိုပါကြောင်းနဲ့ ချင်းပြည်နယ်၏ ဆင်းရဲမှုရာခိုင်နှုန်း မည်မျှရှိသည်ကို သိလိုပါကြောင်း မေးမြန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၅၇။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ပထမဦးစွာ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်မြင့်သိန်းရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေး ကနေ ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အတွင်းမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေ၊ ရေနက် ကွင်းတွေ စပါးစိုက်ပျိုးရေးအတွက် အခြေအနေမပေးသေးတဲ့ လယ်မြေအများအပြားရှိပြီးတော့မှ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ မြစ်ချောင်း၊ အင်းအိုင်တွေမှာ ရေချိုပုစွန်တွေ သားပေါက်တဲ့နေရာ၊ ရေချိုပုစွန်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ (၂)မျိုးရှိပါတယ်။ သိပ္ပံအခေါ်အဝေါ်အားဖြင့်တော့ ကျွန်တော် တို့ Macrobranchium rosserbergii (Macrobranchium) နဲ့ Monodon ဆိုတဲ့မျိုးတွေ ကျွန်တော်တို့ ဒါ ရှိတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီကို ဖြတ်သွားရင်လည်း ဒီဂျိုင်းမြစ်တံတားတွေမှာ ဆိုရင် ကျွန်တော် ဒီမျိုးတွေ တွေ့ရပါတယ်။ အဲဒီတော့ ဒီမျိုးတွေဟာ ပေါက်ဖွားတဲ့နေရာ Spawning ground တွေ ကရင်ပြည်နယ်အတွင်းမှာ များစွာ ကျွန်တော်တို့ရှိပါတယ်။

အဲဒီတော့ ရေချိုပုစွန် မွေးမြူရေးလုပ်ငန်းတွေ၊ ရေချိုပုစွန် သားဖောက်လုပ်ငန်းတွေ လုပ်ကိုင်ပြီးတော့မှ သားပေါက်တွေထုတ်လုပ်တဲ့ Seed Production လုပ်နိုင်တဲ့ ရေချိုပုစွန်အထီး၊ မျိုးအထီး၊ မျိုးအမတွေ Breeder Male and Female ရရှိနိုင်တဲ့ နေရာဒေသဖြစ်တယ်ဆိုတာလည်း ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ လေ့လာတွေ့ရှိထားပြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့လည်း မြစိမ်းရောင် ရေချိုပုစွန် မွေးမြူရေးဇုန်၊ မြစိမ်းရောင် Model Farms တည်ဆောက်ရန် ဌာနအတွင်းမှာ ၂၀၁၄ ခုနှစ် မေလ ၃၀ ရက်နေ့၌ ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ်သို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ စီမံချက်ရေးဆွဲတင်ပြဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ရေချိုပုစွန် မွေးမြူရေးဇုန် မြစမ်းရောင် Model Farm တည်ဆောက်ရေးမှာ ဖြစ်နိုင်ခြေနဲ့ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး မကြာမီ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်း ရရှိလာတော့မည့် ဘားအံမြို့နယ် ကတွန်းတာကျေးရွာအနီး၊ တောင်သူကုန်းကျေးရွာအနီးနဲ့ ဘုရားကုန်းကျေးရွာအနီး တို့မှာ ရေချိုပုစွန်၊ ပုစွန်မွေးမြူရေးဇုန်များဆောင်ရွက်ရန် ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ်ကို တင်ပြထား

ရှိခဲ့ပြီးတော့မှ ရုံးချုပ်ကလည်း နည်းပညာအကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးများကို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ရယူဆောင်ရွက်သွားရန် ၁၇-၆-၂၀၁၄ ရက်နေ့မှာ ရုံးတွင်းစာအဖြစ် ညွှန်ကြားခဲ့တဲ့အတွက် ဒေသခံ ငါး၊ ပုစွန် မွေးမြူသူများနဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုများရရှိရန် ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါမှာ ဒေသတွင်း လုပ်သားပြည်သူများအနေနဲ့ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်အစိုးရအဖွဲ့ကနေ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ ရေနက်ကွင်းများမှာ မြေနေရာများ စိစစ်ရှာဖွေဆောင်ရွက်စေရန် စီမံဆောင်ရွက်လျက်ရှိရာ ရွှေ့ပြေး ရေချိုပုစွန် မွေးမြူရေးဇုန်များ ဆောင်ရွက်ရာမှာ ဒေသခံ ငါး၊ ပုစွန် မွေးမြူသူများကိုယ်တိုင် စိတ်ပါဝင်စားစွာဖြင့် ပါဝင်လုပ်ကိုင်နိုင်ပြီး ဖြစ်နိုင်ခြေအလားအလာကောင်းပြီး ရေချိုပုစွန် မွေးမြူဖြစ်ထွန်းနိုင်တဲ့နေရာမှာ ပုစွန်မွေးမြူရေးကန် (၂၀၀)ဧကခန့်နှင့် စတင်အကောင်အထည်ဖော်နိုင်ဖို့အတွက် ငါးလုပ်ငန်းဦးစီးဌာနနဲ့ ဒေသခံ ငါး၊ ပုစွန် မွေးမြူသူများမှ ဖော်ထုတ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့မှ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကရင်ပြည်နယ်အတွင်းမှာ ရေချိုပုစွန် မွေးမြူရေးဇုန်များ ဖော်ထုတ်တဲ့နေရာမှာ ဒေသခံလုပ်သားပြည်သူများကို ကိုယ်တိုင် မွေးမြူထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် အရင်းအနှီးနှင့် နည်းပညာအကူအညီများကို ငါးလုပ်ငန်းဦးစီးဌာနနဲ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့မှ အကူအညီများ ထောက်ပံ့ကူညီပေးရန်၊ ထွက်ရှိလာတဲ့ ကုန်ကြမ်းတွေကို ဒေသခံရေလုပ်ငန်းရှင်များမှ ကုန်စည်ဒိုင်ဖွင့် ဝယ်ယူစုဆောင်းထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရန် စီစဉ်သွားမှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းမှာလည်းပဲ ငါး၊ ပုစွန် မွေးမြူရေးဇုန်များ ဖော်ထုတ်နိုင်ရန်နဲ့ ငါးလုပ်ငန်းဖွံ့ဖြိုးရေး လုပ်ကိုင်နိုင်ရန် ကော့ကရိတ်မြို့နယ်၊ တံတားဦးရပ်ကွက်ကို ရွေးချယ်ထားပြီး မြစိမ်းရောင် အရင်းမပျောက်မတည်ငွေများ၊ ကျေးရွာများကို ပေးအပ်ဆောင်ရွက်နိုင်ရန် မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ခု နှစ်မှာ တစ်မြို့နယ်လျှင် (၁)ရွာနှုန်းဖြင့် ကျေးရွာ(၇)ရွာ၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ တစ်ပြည်နယ်လုံးအတွက် မြစိမ်းရောင် အရင်းမပျောက် မတည်ရန်ပုံငွေ ကျေးရွာ(၁၂)ရွာ ပေးအပ်ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြလာတဲ့ ကော့ကရိတ်မြို့နယ်ရဲ့ တောင်ဘက်ခြမ်းမှာရှိတဲ့ ရေနက်ကွင်း လယ်ယာမြေကွက်များ (၆၀၀) ဧကနဲ့ လယ်ယာမလုပ်နိုင်တဲ့ မြေဧက(၄၀၀)ဧကတို့ကိုလည်း ပြန်လည်စိစစ်ပြီးတော့မှ လယ်ယာမြေ လုပ်ကိုင်စေခြင်း၊ လယ်ယာမြေ အခြားနည်း သုံးစွဲခွင့်ရရှိစေခြင်း၊ ရေချိုပုစွန်မွေးမြူရေးဇုန်များ ဖော်ထုတ်ခြင်းများကို မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကရင်ပြည်နယ်ဒေသအသီးသီးမှာ ရေလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်တဲ့နေရာမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့မှ မျက်ခြည်မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေချိုပုစွန် မွေးမြူထုတ်လုပ်နိုင်ရေးအတွက်လည်း အလေးထားဂရုပြုပြီးတော့မှ အထူးအာရုံစိုက်ပြီး ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ မကြာမီကာလအတွင်း ပြည်နယ်အတွင်းမှာ ရေချိုပုစွန်မွေးမြူရေးဇုန်များ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှု ပပျောက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာန (၁၄)ခုနောက်တစ်ခါ ချင်းပြည်နယ်အစိုးရအဖွဲ့တွေရဲ့ ဖြေကြားချက်တွေကို ကျွန်တော်စုပေါင်းပြီးတော့မှ ဝန်ကြီးဌာနက တာဝန်ယူပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ အဲဒီအတွက် ဖြေကြားချက်လေး နည်းနည်းပြည့်စုံနိုင်အောင် အချိန်လေးပိုပေးဖို့ ဦးစွာပထမတင်ပြလိုပါတယ်။ ပထမဆုံးကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အဦတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေး၊ စွမ်းအင်လုပ်ငန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်း၊ သာသနာရေး လုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်း၊ အဲဒီလုပ်ငန်းတွေအတွက်ကို စုစုပေါင်းငွေကျပ် (၁၁၄၉၂.၈၃)သန်းကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုလည်း ချင်းပြည်နယ်အတွင်းမှာ မင်းတပ်(၁)၊ မင်းတပ်(၂)၊ မတူပီ၊ ကန်ပက်လက်၊ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များတွေမှာ သင်တန်းကျောင်း(၉)ကျောင်း ဖွင့်လှစ်ထားပြီးတော့မှ ပဉ္စမတန်းကနေ ဒသမတန်းအထိ နိုင်ငံတော်စရိတ်ဖြင့် နေထိုင်ရေး၊ စားသောက်ရေး၊ ပညာသင်ကြားရေးတို့ကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နယ်စပ်ဒေသမှာရှိတဲ့ လူငယ်သင်တန်းကျောင်းများနဲ့ ဦးစီးဌာနရဲ့အထောက်အပံ့ခံ ကျောင်းများမှ အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူ ကျောင်းသားများကိုရွေးချယ်ပြီး အဆင့်မြင့်ပညာရပ်တွေ သင်ကြားဖို့အတွက် ဒီဂရီကောလိပ် ရန်ကုန်၊ စစ်ကိုင်းတို့ကိုဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ဝိဇ္ဇာသိပ္ပံကျောင်းသား (၁၁၃)ဦး၊ AGTI ကျောင်းသား(၂၃)ဦး စုစုပေါင်း(၁၃၆)ဦး တက်ရောက်လျက်ရှိပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းမှာ အမျိုးသမီးအိမ်တွင်းမှု သက်မွေးရေးလုပ်ငန်းပညာသင်ကျောင်း(၃၇)ကျောင်းဖွင့်လှစ် ခဲ့တဲ့နေရာမှာ ချင်းပြည်နယ်မှာ (၆)ကျောင်း၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်တို့မှာ ဖွင့်လှစ်ခဲ့ပြီးတော့မှ ဆင်းရဲနွမ်းပါးတဲ့ တိုင်းရင်းသူအမျိုးသမီးငယ်များကို အိမ်တွင်းမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးတဲ့နေရာမှာ တိုင်းရင်းသူ (၉၇၁၀)ဦး သင်တန်းတက်ရောက်အောင်မြင်ခဲ့ပြီး (၂၁၇၁)ဦးက မိမိဒေသမှာ တတ်မြောက်ထားတဲ့ပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းမှာ ခေတ်မီမော်တာ စက်ချုပ်သင်တန်း တက်ရောက်စေပြီး အထည်ချုပ်စက်ရုံများမှာ ဝန်ထမ်းအဖြစ် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိတဲ့ နေရာမှာ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသူ(၅၃)ဦးကို ရန်ကုန်မြို့ အထည်ချုပ်စက်ရုံဖြစ်တဲ့ Myanmar Synergy Garment Co., Ltd, Cherry Garment Co.,Ltd, နေမင်းအောင် အထည်ချုပ်စက်ရုံတို့မှာ အလုပ်ခန့်အပ်ပေးနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာနအနေနဲ့ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးဖို့နဲ့ ကျေးလက်ဒေသပြည်သူတွေရဲ့ လူမှုစီးပွားဘဝ

မြင့်မားဖို့ ကျေးလက်နဲ့မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်များကျဉ်းမြောင်းလာဖို့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်း၊ ကျေးလက်မီးလင်းရေး ကျေးလက်မိသားစုရဲ့ လူနေမှုအဆင့်အတန်းမြင့်မားဖို့ တန်ဖိုးနည်းအိမ်ရာတွေ တည်ထောင်ခြင်း အသက်မွေးဝမ်းကျောင်းနဲ့ မိသားစုဝင်ငွေတိုးပွားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးအတွက်လည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပြီးတော့မှ ကျေးလက်ဒေသ သောက်သုံးရေရရှိရေးမှာ ချင်းပြည်နယ်မှာရှိတဲ့ ကျေးရွာပေါင်း(၁၆၆)ရွာမှာ ရေပေးရေး လုပ်ငန်းပေါင်း (၁၆၈)ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျေးလက် မီးလင်းရေးအနေနဲ့ ချင်းပြည်နယ်မှာရှိတဲ့ ကျေးရွာပေါင်း (၅၂)ရွာမှာ လုပ်ငန်းပေါင်း (၄၉၅၇)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျွန်တော်တို့ ဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေး လုပ်ငန်းများတွေကို နိုင်ငံတကာ အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့နဲ့ ပူးပေါင်းပြီးတော့မှ ချင်းပြည်နယ်အတွင်း မီးလင်းရေးအတွက် အသေးစား ရေအားလျှပ်စစ်ဖြင့် ကျေးရွာ(၃)ရွာ၊ ဆိုလာစနစ်ဖြင့် ကျေးရွာ(၃)ရွာတို့ကို ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ National Electrification Plan အရ Pre-electrification လုပ်ငန်းများ ဆောင်ရွက်ဖို့ ချင်းပြည်နယ်မှာရှိတဲ့ ကျေးရွာ(၅၉)ရွာကို ဆိုလာမီးလင်းရေး ငွေကျပ်သန်း(၅၀)ဖြင့် လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အလားတူ ကျေးလက်အိမ်ရာလည်း (၂၈၇)လုံး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုလည်းပဲ ချင်းပြည်နယ်မှာရှိတဲ့ မြို့နယ်(၈)မြို့နယ်၊ ကျေးရွာ(၂၉)ရွာမှာ ဆောင်ရွက်လျက်ရှိပါတယ်။ မြစိမ်းရောင် စီမံကိန်းကနေပြီးတော့မှ ကျေးရွာကော်မတီ အစီအစဉ်ဖြင့် ကျေးလက်ပြည်သူများကို သက်သာတဲ့ အတိုးနှုန်း (၀.၅)မှ (၁.၅)ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဘဏ်ရဲ့ ကူညီထောက်ပံ့ငွေနဲ့ အမေရိကန်ဒေါ်လာသန်း(၈၀)ဖြင့် လူထုဗဟိုပြု စီမံကိန်းကိုလည်းပဲ ချင်းပြည်နယ်မြို့အတွင်းမှာရှိတဲ့ ကန်ပက်လက်မြို့နယ် ကျေးရွာအုပ်စု (၂၆)အုပ်စုမှာရှိတဲ့ ရွာပေါင်း(၁၁၉)ရွာမှာ ဆက်လက် ဆောင်ရွက်လျက်ရှိပြီးတော့မှ လုပ်ငန်းပေါင်း(၉၇)ခုကို ထောက်ပံ့ငွေ Block Grant နဲ့ (၄၇၇.၃၆) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်ရှိတဲ့ စီမံကိန်း(၂)နှစ်မှာလည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဆက်လက်ထောက်ပံ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှု နိမ့်ကျပြီးတော့မှ ဆင်းရဲမှု မြင့်မားနေတဲ့ ချင်းပြည်နယ်ရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်နဲ့ ပတ်သက်ပြီးတော့မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်နဲ့လွှတ်တော် ကတိကဝတ်အရ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ အကြီးအကဲရဲ့ ခရီးစဉ်ရဲ့လုပ်ငန်းတွေလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ တင်ပြချက်အရ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းတွေ နောက်ခရီးစဉ်တွေမှာ တင်ပြတဲ့အချက်တွေစသဖြင့် (၅)နှစ်စီမံကိန်းအရ လျာထားတဲ့ လုပ်ငန်းတွေ၊ ပြည်နယ်အစိုးရအဖွဲ့က တင်ပြတဲ့လုပ်ငန်းတွေ မွမ်းမံပြင်ဆင်တဲ့ လုပ်ငန်းတွေအတွက်ကို စုစုပေါင်းငွေကျပ်(၅၂၂၅.၈၂)သန်းကို ထည့်သွင်းလျာထားခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် ပြည်ထောင်စု ဘတ်ဂျက် ငွေလုံးငွေရင်း အသုံးစရိတ်အားလုံးရဲ့ (၂)ရာခိုင်နှုန်းခန့်ကို ချင်းပြည်နယ်အတွက် ထည့်သွင်း လျာထားခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ UNDP နဲ့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ပူးပေါင်းပြီးတော့မှ အိမ်ထောင်စုများရဲ့ စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း (Integrated Household Living Conditions Accessment IHLCA) အရ ချင်းပြည်နယ်ရဲ့ ဆင်းရဲမှု ရာခိုင်နှုန်းမှာ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၀ ခုနှစ်မှာ (၇၃.၃)ရာခိုင်နှုန်းထိ ရှိခဲ့ပြီး ထောင်စုနှစ်ပန်းတိုင် ရည်မှန်းချက်အရ ၂၀၁၅ ခုနှစ်မှာ ချင်းပြည်နယ်ရဲ့ ဆင်းရဲမှုနှုန်းကို (၃၆.၇) ရာခိုင်နှုန်း လျှော့ချရန် ဖြစ်ပါတယ်။ ယခု ချင်းပြည်နယ်ရဲ့ ဆင်းရဲနှုန်း ရာခိုင်နှုန်း မည်မျှရှိသည်ကို တွက်ချက်နိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှု အခြေအနေ ကို သိရှိနိုင်ရန်အတွက် အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြီးတော့မှ မြန်မာနိုင်ငံဆင်းရဲမှုနှင့်စားဝတ်နေရေး အခြေအနေလေ့လာမှုစစ်တမ်း (Myanmar Poverty and Living Conditions Survey-MPLCS)ကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးမှာ မြို့နယ်နဲ့ မြို့နယ်ခွဲပေါင်း(၁၇၀)ခန့်မှာ ကောက်ကွက်ပေါင်း (၃၀၄)ခုကနေ ပြီးတော့မှ နမူနာအိမ်ထောင်စု (၃၆၄၈)စုကို ၂၀၁၄-၂၀၁၅ မှာကောက်ယူဖို့ရာ စီမံဆောင်ရွက်လျက် ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာ သင့်တော်တဲ့နေရာမှာ လေယာဉ်ကွင်း ဖောက်လုပ်ပေးနိုင်ဖို့ ဟားခါး၊ ဖလမ်း၊ တီးတိန် အစရှိတဲ့ မြို့နယ်ကြီးများကိုသွားရောက်ပြီးတော့မှ သင့်တော်မှုရှိတဲ့ မြေနေရာ ကို ရှာဖွေခြင်း၊ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးတဲ့ နောက်မှာ လေယာဉ်ကွင်း (၁)ကွင်း တည်ဆောက်ရန်အတွက် အဓိကလိုအပ်တဲ့ ဒေသဆိုင်ရာ ရာသီဥတု အခြေ အနေ၊ မြေမျက်နှာသွင်ပြင် အနေအထား ၊ လေဦးတည်ရာအရပ်နဲ့ လေတိုက်ခတ်နှုန်းစတဲ့ ဖြစ်နိုင်ခြေ ရှိသည်များကို လေ့လာခြင်း၊ လေယာဉ်ကွင်း တည်ဆောက်ချိန်မှာ တည်ဆောက်ရေး ပစ္စည်းများ ရရှိ သုံးစွဲနိုင်မှု အခြေအနေကို ကြိုတင်လေ့လာခြင်း ဒေသအတွင်းခရီးသည်နဲ့ ကုန်စည်ဝင်/ထွက် သွားလာ မှု အခြေအနေများကို လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ ကွင်းဆင်းတိုင်းတာရေးအဖွဲ့ဟာ ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့များမှာရှိတဲ့ လေယာဉ်ကွင်း ဖောက်လုပ်မယ့် လျာထားနေရာများကို Caravan Cessna လေယာဉ်နဲ့ လေယာဉ်ကွင်းတည်ဆောက်နိုင်မည့် နေရာများကို Bird Eye View ကြည့်ရှုခြင်း၊ မြေပြင် အနေအထားအား Projection ကြည့်ရှုခြင်း၊ လေယာဉ်ဆင်းသက်နိုင်မှု Approach အား လေယာဉ် ငယ်ဖြင့် စမ်းသပ်ခြင်း၊ လေယာဉ်ဝင်ထွက်လမ်းအား Circuit Pattern များအတိုင်း စမ်းသပ်ပျံသန်းခြင်း၊ ပတ်ဝန်းကျင်အတားအဆီးများ (Obstacle)အား စစ်ဆေးခြင်း၊ လေတိုက်နှုန်း (Wind Direction) အပေါ် မူတည်ပြီးတော့မှ ပြေးလမ်းဦးတည်ရပ် ရွေးချယ်နိုင်ရန် စမ်းသပ်ပျံသန်းခြင်းများကို ဆောင်ရွက် ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ကွင်းဆင်းစစ်ဆေးချက်များအရ ချင်းပြည်နယ်မှာရှိတဲ့ သင့်တော်မယ့် ဒေသမှာ အဘက်ဘက်မှ စူးစမ်းလေ့လာပြီး အသင့်တော်ဆုံးဖြစ်တဲ့ ဖလမ်းမြို့ ဆူးရ်ဘုန်တောင်ကြော နေရာမှာ အလျား(၄၀၀၀)ပေ အကျယ်(၁၀၀)ပေရှိ လေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်း(၁၀၀၀) ထည့်သွင်းတင်ပြ တောင်းခံထားပြီးဖြစ်ပါကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားလာပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုတော့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သီးခြားတာဝန်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းစဉ်(၈)ရပ်ကိုချမှတ်ပြီး ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေပြီးတော့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျန်းမာရေး ကဏ္ဍ၊ ပညာရေး၊ ရေအားလျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ ကျေးရွာ ချင်းဆက် လမ်းတံတား၊ အဆောက်အဦများ ပြုပြင်ဖောက်လုပ်ရေး၊ ပြန်ကြားရေးနှင့် စာကြည့်တိုက် ပြုပြင်ဆောင်ရွက်ခြင်း၊ သာသနာရေး၊ အားကစား၊ ရုံး၊ ခန်းမ၊ ရိပ်သာ၊ မီးသတ်ကား၊ GPS နဲ့ အခြားဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း အဲဒီလုပ်ငန်းတွေအတွက် စုစုပေါင်းကျပ်သိန်းပေါင်း (၆၃၅၉၇.၀၅)သိန်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

အလားတူ ပိုးစာပင် စိုက်ပျိုးရေးအတွက် ပိုးစာပင် (၄)သိန်း၊ ဓာတ်မြေဩဇာ (၆၀)တန်နဲ့ စိုက်ပျိုးရေးသုံး ပလပ်စတစ်စများ (၁.၈)တန် တန်ဖိုး အမေရိကန်ဒေါ်လာ (၆၉၄၆၀)ကို ကျွန်တော်တို့ အသုံးပြုခဲ့ပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ အခြေအနေတွေကတော့ ပညာရေးအတွက် ဥပဓိရုပ် မကောင်း တဲ့ ကျောင်း(၃၉)ကျောင်း၊ ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် (၂၁)ကျောင်းနဲ့ ကျောင်းသူ/ ကျောင်းသားများနဲ့ ဆရာ/ ဆရာမများအတွက် ဘော်ဒါဆောင် (၅၃)ဆောင် အားလုံး ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရေအားလျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာ (၃၃)ရွာကို ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။ သောက်သုံးရေ ရရှိရေးအတွက် (၁၄)နေရာ အားလုံး ပြီးစီးပြီ ဖြစ်ပါတယ်။ စိုက်ပျိုးရေ ရရှိရေးအတွက် (၄)နေရာ ဆောင်ရွက်ပြီး အားလုံး ပြီးစီးပြီ ဖြစ်ပါတယ်။ ကျေးရွာချင်း ဆက်လမ်း ဖောက်လုပ်ပြီးစီးမှုမှာ (၃၉၉)မိုင်(၁)ဖာလုံမှာ (၂၆၅)မိုင် (၆)ဖာလုံ နဲ့ ယန္တရားကြီးများ သွားလာနိုင်ရန်အတွက် ချဥ်းကပ်လမ်း (၁၃၄)မိုင် (၄)ဖာလုံ ပြီးစီးပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ ဟားခါး ၊ တွန်းဇံ၊ တီးတိန်၊ ထန်တလန်နဲ့ ဖလမ်းမြို့နယ်တွေမှာ ကျောင်းသား/ကျောင်းသူပေါင်း (၈၁၄)ဦးဟာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ နေ့သင်တန်း အသီးသီးမှာ ကလေးတက္ကသိုလ်သို့လည်းကောင်း၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့နယ်များက ကျောင်းသား/ကျောင်းသူ(၂၆၅)ဦးဟာ ပခုက္ကူတက္ကသိုလ်ကို လည်းကောင်း၊ ပလက်ဝမြို့နယ်မှ ကျောင်းသား/ကျောင်းသူ(၂၉)ဦးဟာ စစ်တွေတက္ကသိုလ်ကို လည်းကောင်း အသီးသီး ပညာသင်ကြားတက်ရောက်လျက်ရှိပါတယ်။

ဒါ့အပြင် ၂၀၁၄ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲ အောင်မြင်သူ ကျောင်းသား/ ကျောင်းသူ (၆၆၉)ဦး ရှိပြီး အချို့မှာ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များကို တက်ရောက်မည့် သူများနှင့် အဝေးသင်တက္ကသိုလ် တက်ရောက်မည့်သူများ ပါဝင်တဲ့အတွက် တက္ကသိုလ် ဖွဲ့စည်းပုံ ကျောင်းသား အင်အားမှာ (၅၀၀၀)မှ (၈၀၀၀)ဦး လိုအပ်ပါတယ်။ ဒီဂရီကောလိပ် ဖွဲ့စည်းပုံမှာ ကျောင်းသား အင်အား (၅၀၀၀)ဦး ရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်နယ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသားအင်အားကို လျှော့ချတဲ့ အနေနဲ့ အနည်းဆုံးကျောင်းသားအင်အား (၂၀၀၀) ရှိရမှာ ဖြစ်ပါ တယ်။ ချင်းပြည်နယ်မှာ တက္ကသိုလ် ဖွင့်လှစ်နိုင်လောက်တဲ့ ကျောင်းသား/ကျောင်းသူ အင်အားပြည့်မီ ခြင်း မရှိသေးပါကြောင်းနှင့် ကျောင်းသား/ကျောင်းသူအင်အား ပြည့်မီသည့်အခါတွင် လည်းကောင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တက္ကသိုလ်များ စုစည်းမှု အစီအမံရေးဆွဲချိန်တွင် လည်းကောင်း ထည့်သွင်းစဥ်းစားသွားမည်ဖြစ်ပြီး လောလောဆယ် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း

ဖြေကြားအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို အတတ်သင် သင်တန်းအနေနဲ့လည်း ကျွန်တော်တို့ ပညာရေးကောလိပ် (၁)ကျောင်း ဖွင့်လှစ်ဖို့ အနည်းဆုံး သင်တန်းသား ဝင်ဆံ့အင်အား(၂၀၀)ဦး ရှိရမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှ လုပ်ငန်းခွင်အကြို ဆရာ အတတ်သင် ဒီပလိုမာသင်တန်းကို တက်ရောက်သူများဟာ မုံရွာပညာရေးကောလိပ်နဲ့ ပခုက္ကူပညာ ရေးကောလိပ်တွေမှာ တက်ရောက်သင်ကြားလျက်ရှိပြီး ပျမ်းမျှ(၁)နှစ်မှာ သင်တန်းတက်ရောက်သူ ဦးရေမှာ (၅၀)ဦးမှ (၁၀၀)ဦးအကြားသာ ရှိတဲ့အတွက် ချင်းပြည်နယ်မှာ ပညာရေး ကောလိပ်(၁) ကျောင်း ဖွင့်လှစ်နိုင်ရန် သွင်းအားစုများဖြစ်တဲ့ လိုအပ်ချက်တွေ သင်တန်းသားဦးရေ ပြည့်မီနိုင်မည့် အခြေအနေများ မရှိသေးသဖြင့် ပညာရေးကောလိပ်ကျောင်း (၁)ကျောင်း အသစ်ထပ်မံဖွင့်လှစ်နိုင် မည့် အခြေအနေ လောလောဆယ် မရှိသေးပါကြောင်း ပညာရေးဝန်ကြီးဌာနကနေ ဖြေကြားထားတာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ကို ရထားလမ်း ဖောက်လုပ်မယ် ဆိုလို့ရှိရင် တောတောင် ထူထပ်ခြင်း၊ မြေမျက်နှာသွင်ပြင် ကြမ်းတမ်းခြင်း၊ မြေပြင်အနိမ့်အမြင့် ကွာခြားချက်များပြားသဖြင့် ရထားလမ်းဖောက်လုပ်ပါက တူးမြေအနက် များပြားခြင်း၊ ဖို့မြေအမြင့် များပြားခြင်းများ ဖြစ်ပေါ်နိုင်တဲ့ အပြင် မြေသားတည်ငြိမ်မှုနှင့် ခိုင်မာမှု မရရှိနိုင်ခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် ရေရှည်မှာ အကျိုးဖြစ်ထွန်းနိုင်မည် မဟုတ်တဲ့အပြင် မြို့ရွာများနဲ့ အနီးဆုံးဖြစ်အောင် ဖောက်လုပ်မည် ဆိုပါက လည်း လက်ရှိမြို့ရွာများဟာ မြေပြင်အနိမ့်အမြင့် ကွာခြားချက်များပြားခြင်း၊ ရထားလမ်းကို ကားလမ်း ကဲ့သို့ ဖောက်လုပ်၍မရနိုင်ခြင်း၊ ရထားလမ်းဖောက်လုပ်ရာမှာလည်း ကန့်သတ်ထားရှိတဲ့ အများဆုံး ဆင်ခြေလျှောမှာ (၁း၈၀) နှင့် အများဆုံးကွေ့ဒီဂရီမှာ (၁၂)ဒီဂရီဖြစ်သဖြင့် ဖြတ်သန်းဖောက်လုပ်ရာ လမ်းအူကြောင်းတစ်လျှောက်မှာရှိတဲ့ မြို့ရွာများရဲ့ မြေပြင်အနိမ့်အမြင့်ကွာခြားချက် များပြားခြင်းကြောင့် အဆိုပါမြို့ရွာများကို ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရန်အတွက် ခက်ခဲမည် ဖြစ်တဲ့အတွက် လောလောဆယ်မှာ ချင်းပြည်နယ်ကို ရထားလမ်းဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ရထား ပို့ဆောင်ရေးဝန်ကြီးဌာနက ဖြေကြားထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မတူပီ-ပလက်ဝ ကားလမ်းဟာ (၁၃၅)မိုင် ရှည်လျားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကနေ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၄ ရက်နေ့အထိ လမ်းအခြေ အနေမှာ (၁)မိုင် (၇)ဖာလုံ အမာခံလမ်း (၅)ဖာလုံနဲ့ မြေလမ်း (၁၃၂)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ် ရန်ပုံငွေနဲ့ ငွေကျပ် (၇၈၇၂.၆၉)သန်းဖြင့် လုပ်ငန်းတွေကို ကျွန်တော်တို့ (၂၄)ပေအကျယ် လမ်းတာချဲ့ခြင်း (၁၄)ပေအကျယ် အမာခံလမ်းခင်းခြင်း (၁၂)ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း ရေမြောင်းနဲ့တွဲလျက် မြေထိန်းနံရံ တည်ဆောက်ခြင်း၊ (၄၄၀)ပေအရှည် မီးချောင်းကြိုးတံတား တည်ဆောက်ခြင်း၊ သံကူကွန်ကရစ် ကြမ်းခင်းတံတား တည်ဆောက်ခြင်း၊ ရေပွွန်တည်ဆောက်ခြင်း၊ ရေထုတ်ပွွန် တည်ဆောက်ခြင်း စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းတွေအားလုံးရဲ့ (၆၀)ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေနဲ့ (၂၄၅၂.၈၈)သန်း လမ်းတံတားအဆင့် မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်လျာထားပြီး တင်ပြတောင်းခံပြီးတော့မှ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ ချင်းပြည်နယ် အတွင်းမှာရှိတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းတွေကို အဆင့်မြှင့်တင်ခြင်း၊ တံတားရေပွွန်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမှာ

ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နှစ် ဖြစ်တဲ့အတွက် နိုင်ငံရေးပါတီများ အနိုင်ရရှိရေးအတွက် လှုပ်ရှားမှုကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများလည်း အနည်းနဲ့အများ ထိခိုက်နိုင်တဲ့အတွက် ဖွံ့ဖြိုးမှုနိမ့်ကျပြီး ဆင်းရဲမှုမြင့်မားနေတဲ့ ချင်းပြည်နယ်ရဲ့ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ဖို့ မည်သို့စီမံပြုလုပ်ထားသည်နှင့် ပတ်သက်ပြီးတော့မှ ချင်းပြည်နယ်အစိုးရအဖွဲ့မှာ အစိုးရအဖွဲ့ အတွင်းရေးမှူးဟာ ခုနက လည်း ပြည်ထဲရေးက ဖြေကြားသွားသလိုပဲ။ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦး ခန့်ထားပြီးဖြစ်ပါတယ်။ အစိုးရအဖွဲ့ အတွင်းရေးမှူးရဲ့ အနီးကပ်ကြီးကြပ်မှု ပြည်နယ်အဆင့်ဌာနဆိုင်ရာများရဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာလို့ရှိရင် နိုင်ငံရဲ့ ဆင်းရဲမှုရာခိုင်နှုန်းကို လျှော့ချနိုင်မှာ ဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေမည်ဆိုတဲ့ ရည်မှန်းချက်နဲ့အညီ ချင်းပြည်နယ် အတွင်းမှာရှိတဲ့ ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်၊ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားစေရန်နဲ့ ကျေးလက်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်နှင့် ကျေးလက်ဒေသများ အချိုးညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ လမ်းတံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကျေးလက်စံပြအိမ်ရာများ မီးလင်းရေးလုပ်ငန်းများနဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေး လုပ်ငန်းများကို နိုင်ငံတော် ရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားအကူအညီ အထောက်အပံ့များဖြင့် လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများနဲ့ သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့များရဲ့ ပေါင်းစပ်မှုများဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ ပို့ဆောင်ရေးလုပ်ငန်းများ ကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေ့လယ်ပိုင်း (၁)နာရီမှာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးရှိတဲ့အတွက် ကျန်ရှိတဲ့ ဥပဒေကြမ်း အတည်ပြုခြင်းကို ရွှေ့ဆိုင်းလိုက်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၈) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက် နေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]